﴿مقاصد الشريعة الإسلامية﴾

ရှရီအသ်အမိန့်ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်များ

ပြုစုသူ

မုဟမ္မဒ်ဖိုင်ဆွဲလ်﴿အလ်ကောင်ဆရီ﴾

ကြိုးကြပ်သူ

အလ်ဟားဂျ် မော်လာနာ မုဖ်သီ မုဟမ္မဒ် အာစွင်းမ်(နဒ်ဝီ၊ မဇ္ဈာဟ့ရီ)

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁	အလ်ဟားဂျ် မော်လာနာ မုဖ်သီ မုဟမ္မဒ် အာစွင်းမ်(နဒ်ဝီ၊ မဇ္ဇာဟေ့ရီ)၏ ရင်တွင်းစကား။	၆
၂	စာရေးသူ၏ အမှာစာ။	၁၀
၃	အခန်း(၁)	၁၃
၄	၁။ အခြေခံသုတ ဆယ်ပါး။	၁၃
၅	အခန်း(၂) مقاصد الشريعة ၏ ဝေါဟာရအရ အဓိပ္ပာယ်။	၁၉
၆	ကဏ္ဍခွဲ(၁) ရှရီအသ်ပြဋ္ဌာန်းတော်မူသော အလ္လာဟ်အရှင်မြတ်၏ ရည်ရွယ်ချက်။	၁၉
၇	၁။ ပြဋ္ဌာန်းမိန့်များ၏ ညွှန်းဆိုချက်။	၂၀
၈	၂။ ပြဋ္ဌာန်းမိန့်များ၏ ရည်ရွယ်ချက်။	၂၀
၉	ကဏ္ဍခွဲ(၂) ရှရီအသ်ပြဋ္ဌာန်းရခြင်းဆိုင်ရာ ရည်ရွယ်ချက်များ၏ အမျိုးအစားများ။	၂၄
၁၀	၁။ အထွေထွေ ရည်ရွယ်ချက်။	၂၄
၁၁	၂။ ကဏ္ဍအလိုက် သက်ဆိုင်သည့် ရည်ရွယ်ချက်။	၂၅

မာတိကာ		
စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၂	၃။ ပြဋ္ဌာန်းမိန့်များနှင့် သက်ဆိုင်သည့် ရည်ရွယ်ချက်။	၂၅
၁၃	အခန်း(၂)ရှရီအသ်ပြဋ္ဌာန်းခြင်းဆိုင်ရာရည်ရွယ်ချက်များကို သိရှိရန် အရေးကြီးပုံ။	၂၈
၁၄	၁။ ဖေကာပညာရပ်ကို လေ့လာသူနှင့် ဖေကာပညာ ရှင်တို့အတွက် ရှရီအသ်ပြဋ္ဌာန်းခြင်းဆိုင်ရာ ရည်ရွယ်ချက်များကို သိရှိရန်အရေးကြီးပုံ။	၂၉
၁၅	၂။ သာသနာ့လမ်းစဉ်ပေါ်၌ လျှောက်လှမ်းသူအတွက် ရှရီအသ်ပြဋ္ဌာန်းခြင်းဆိုင်ရာ ရည်ရွယ်ချက်များကို သိရှိရန်အရေးကြီးပုံ။	၃၀
၁၆	၃။ ဒအ်ဝသ်ပေးဖိတ်ခေါ်သူများက မိမိဖိတ်ခေါ်သော အရာများ၏ ရည်ရွယ်ချက်များကို သိရှိရန် အရေးကြီးပုံ။	၃၇
၁၇	အခန်း(၃) အမိန့်နှင့် ပြဋ္ဌာန်းရခြင်း၏ အကြောင်းတရားကြား ချိတ်ဆက်မှု။	၄၀
၁၈	၁။ နမား၏ပြဋ္ဌာန်ခြင်း။	၄၇
၁၉	၂။ ရိဇာ၊ ဇကားသ် ပြဋ္ဌာန်ခြင်း။	၅၁

မာတိကာ		
စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၀	၃။ ဟဂျ် ပြဋ္ဌားန်ခြင်း။	၅၃
၂၁	၄။ ပင်မအေဗာဒသ်ကြီးများနှင့်ပတ်သက်၍ အသေးစိတ် ပညတ်ချက်များ ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်များ။	၅၅
၂၂	အခန်း(၄) ဒိုအာ အေဗာဒသ်ဖြစ်ခြင်းနှင့် ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်။	၆၀
၂၃	၁။ အမိန့်နာခံမှု အထောက်အကူဖြစ်စေခြင်း။	၆၃
၂၄	၂။ အပြစ်များကို ရှောင်ကျဉ်မှုဖြစ်စေခြင်း။	၆၅
၂၅	၃။ ပတ်ဝန်းကျင်ကို အဆိပ်အတောက်ဖြစ်စေသည့်အရာများကို ရှုံ့ရှာမုန်းတီးစေခြင်း။	၆၆
၂၆	၄။ အစွလာမ့်ညီနောင်စိတ် ခိုင်မာစေခြင်း။	၆၇
၂၇	၅။ အအ်မလ်များအတွက် ခွန်အားဖြစ်စေခြင်း။	၇၀
၂၈	၆။ ကိုယ်တော်မြတ်ﷺက အမိန့်များ၏ ရည်ရွယ်ချက်များကို ထုတ်နုတ်ပြသခဲ့ပုံ။	၇၄
၂၉	အခန်း(၅) အကျိုးဆောင်၊ အဆိုးရှောင်။	၈၀
၃၀	၁။ အကျိုးဆောင်၊ အဆိုးရှောင်ဆိုင်ရာ ရှရီအသ်သဘောတရားများ။	၈၄
၃၁	၂။ ဘဝ၏ အရေးကြီးလိုအပ်ချက်ကြီး (၅) ချက် အား ထိန်းသိမ်းခြင်း။	၈၈

မာတိကာ		
စဉ်	အကြောင်းအရာ	စာမျက်နှာ
၀၀	၃။ ဘဝ၏ အရေးကြီး လိုအပ်ချက်များကို ထိန်းသိမ်းခြင်း။	၉၁
၃၃	၄။ ဘဝ၏ အလှတရားများကို ထိန်းသိမ်းခြင်း။	၉၃
၃၄	၅။ ပြဋ္ဌာန်းခြင်းဆိုင်ရာ ရည်ရွယ်ချက်များကို အခြေခံ၍ အမိန့်ပညတ်တော်များ၏ အစီအစဉ်။	၉၇
၃၅	အခန်း(၆) ရှရီအသ်ပြဋ္ဌာန်ခြင်းဆိုင်ရာ ရည်ရွယ်ချက်များနှင့် သက်ဆိုင်သည့် ကဏ္ဍ၏ နာမည်ကျော် ကျမ်းဂန်ကြီးများ။	၁၀၃
၃၆	မှီငြမ်းကိုးကားကျမ်းများ။	၁၀၅

အလ်ဟားဂျ် မော်လာနာ မုဖ်သီ မုဟမ္မဒ်
အာစွင်းမ်(နဒ်ဝီ၊ မဇ္ဈာဟေ့ရီ)၏
ရင်တွင်းစကား

"အကြောင်းဖြတ်မှ အကျိုးရပ်" ဟူသော စကားပုံလေးအား ငယ်စဉ်က ကြားဖူးခဲ့သည်။ ချစ်ခင်လေးစား တန်ဖိုးထားရသော မျိုးဆက်သစ် ကလောင်ရှင် မော်လာနာ ဖိုင်ဆလ် (အလ်ကောင်ဆရီ)ရေးသားပြုစုသော ﴿**مقاصد الشريعة الإسلامية**﴾ ရှရီအသ်အမိန့်ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်များအမည်ရှိ ကျမ်းငယ်ကို လေ့လာပြီးသောအခါ "အကြောင်းသိမှ အကျိုးရှိ"ဟု စကားပုံတစ်ခု တီထွင်ချင်စိတ်ဖြစ်လာသည်။

مقاصد الشريعة الإسلامية ဟူသော ပညာရပ်သည် အလွန်ပင် စိတ်ဝင်စားဖွယ်ကောင်းလှသည့် ပညာရပ်တစ်ခုဖြစ်သည်။ နိုင်ငံတကာတွင် ဤဘာသာရပ်သည် တွင်ကျယ်ခဲ့သော်လည်း ကျွန်ုပ်၏ မပြည့်စုံသော လေ့လာချက်အရ ကျွန်ုပ်တို့ မြန်မာ အစ္စလာမ့် စာကြည့်တိုက်တွင် ဤကဏ္ဍအတွက် သီးသန့် ရေးသားပြုစုခဲ့သည့် ကျမ်းဟူ၍ မတွေ့ဖူးပါ။ အချို့သော ဖေကဟ်ကျမ်းများ၊ သဖီစီရ်ကျမ်းများတွင် လိုအပ်သလို ရေးသားကြသည်မျိုးတော့ ရှိပါသည်။

မြင့်မြတ်တော်မူသော အရှင်မြတ်သည် အရာတိုင်းကို အကျိုးမဲ့အချည်းအနှီးအဖြစ် ဖန်ဆင်းမထားကြောင်း စူရဟ် အာလေ့အင်မ်ရားန်တွင် အမိန့်ရှိခဲ့သည်။

﴿ رَبَّنَا مَا خَلَقْتَ هَٰذَا بَٰطِلًا سُبْحَٰنَكَ فَقِنَا عَذَابَ ٱلنَّارِ﴾ [آل عمران ١٩١]

လူတို့ကိုလည်း အဓိပ္ပါယ်မဲ့စွာ၊ ရည်ရွယ်ချက်မဲ့စွာဖြင့် ဖန်ဆင်းထားသည်ဟု ယူဆနေကြပါသလောဟု အောက်ပါအတိုင်း မေးမြန်းထားသည်။

﴿أَفَحَسِبْتُمْ أَنَّمَا خَلَقْنَٰكُمْ عَبَثًا وَأَنَّكُمْ إِلَيْنَا لَا تُرْجَعُونَ﴾ [المؤمنون ١١٥]

﴿أَيَحْسَبُ ٱلْإِنسَٰنُ أَن يُتْرَكَ سُدًى﴾ [القيامة ٣٦]

ဤအာယသ်တော်များအရ မြင့်မြတ်တော်မူသော အရှင်မြတ်သည် လူကတွင် ဖန်ဆင်းထားသမျှကို ရည်ရွယ်ချက်ရှိရှိဖြင့်ဖန်ဆင်းထားကြောင်း၊ လူသားအပေါင်းကိုလည်း အဓိပ္ပါယ်ရှိစွာ၊ ရည်ရွယ်ချက်အပြည့်ဖြင့် ဖန်ဆင်းထားကြောင်း သိရှိရသည်။

လူသားများကို အဓိပ္ပါယ်ရှိရှိ၊ ရည်ရွယ်ချက်ရှိရှိ ဘဝရှင်သန်နိုင်ရန် ဒီးန်ဟူသော သာသနာ၊ ထိုသာသနာပေါ်တွင် လျှောက်လှမ်းနည်းများအဖြစ် ရှရီအသ်ဟူသော ပြဋ္ဌာန်းချက်များကို ထုတ်ပြန် ထားသည်။

ထိုပြဋ္ဌာန်းချက်တစ်ခုတိုင်းတွင် ကြီးမားသော ရည်ရွယ်ချက်၊ အကျိုးတရားများပေါ်တွင် မူတည်နေပါသည်။ ထိုရည်ရွယ်များကို သိရှိမှသာလျှင် လိုက်နာရာတွင် အသက်ပါပြီး အနှစ်သာရရှိနေမည်ဖြစ်သည်။

မဟုတ်ပါက ဤအတိုင်းပင် အသက်မဲ့စွာဖြင့် ပြုကျင့်ခြင်းကြောင့် အကျိုးထူးများ၊ အနှစ်သာရများမှ လက်မဲ့ဖြစ်ရတတ်သည်။

ယနေ့ခေတ်သည် နည်းပညာပေါက်ဖွားသော ခေတ်ဖြစ်သည်။ သိပ္ပံထွန်းကားနှုန်းမြန်ဆန်လာသည်။ လူငယ်အပေါင်းတို့သည်လည်း ဉာဏ်ရည်ဖွံ့ဖြိုးလာကြပြီး အရာရာကို စူးစမ်းလိုစိတ်များ ပွားများလာသည်။ အရာရာကို သုတေသနပြုရင်းဖြင့် အဆုံးထိ သိရှိလိုကြသည်။ အကြောင်းတရားများ၊ အကျိုးတရားများကို ခြေခြေမြစ်မြစ်သိရှိလိုကြသည်။

ထို့ကြောင့် ရှုထောင့်ပေါင်းစုံမှ ပြီးပြည့်စုံလှသည့် သာသနာ့အမိန့်တော်များ ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်များကို သိရှိပြီး လိုက်နာလိုကြသည်။

မော်လာနာ ဖိုင်ဆွဲလ် အလ်ကောင်ဆရီ၏ ဤကျမ်းငယ်သည် ယနေ့ခေတ်ရှိ လူငယ်တို့၏ သိလိုစိတ်များ၊ သုတေသနပြုလိုစိတ်များကို အတိုင်းအတာ တစ်ခုထိ ကုစားပေးမည်ဟု ယုံကြည်ပါသည်။ ဤကျမ်းငယ်သည် မြန်မာ့မြေတွင် ဤကဏ္ဍအတွက် ပထမဆုံးကျမ်းဖြစ်ကြောင်းကိုလည်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

မှတ်သားရန်။ ။ ရှရီအသ်အမိန့်တော်ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်များကို သိရှိခြင်းဖြင့် မိမိတို့၏ ကျင့်မူဆောင်ရွက်ချက်များတွင် ယခင်ကထက် ပိုမိုအသက်ဝင်လာမည်ဖြစ်သည်။ အနှစ်သာရကို ပိုမိုခံစားလာရမည်ဖြစ်သည်။

သို့သော် ကုရ်အာန်၊ ဟဒီးဆ်၊ ပညာရှင်တို့၏ တညီတညွတ်တည်းဆုံးဖြတ်ချက်တို့ဖြင့် အတည်ဖြစ်ထားသော ရှရီအသ်အမိန့်တော်များကို ယုံကြည်ခြင်း၊ လိုက်နာခြင်းစသည်တို့မှာ ဦးနှောက်ပေါ်တွင် အခြေမခံထားသောကြောင့် နားလည်သည်ဖြစ်စေ၊ နားမလည်သည်ဖြစ်စေ လိုက်နာရန်မှာ အရေးကြီးသည်။ နားမလည်သောကြောင့် မလိုက်နာဟု ဆို၍ မရနိုင်ပါ။

မည်သို့ပင် ဆိုစေကာမူ မော်လာနာ ဖိုင်ဆွဲလ်(အလ်ကောင်ဆရီ)၏ ကြိုးပမ်းမှုသည် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ကြောင်း ထပ်လောင်းဂုဏ်ပြုအပ်ပါသည်။ မွတ်စ်လင်မ်စာဖတ်ပရိသတ်များအနေဖြင့် ဤကျမ်းငယ်ကို စနစ်တကျ လေ့လား မှတ်သားနိုင်ပါစေသား။

ခေတ်အဆက်ဆက် ဤကဏ္ဍနှင့် စပ်လျဉ်းပြီး ကြိုးပမ်းခဲ့သူအပေါင်း သူတော်ကောင်းများ၊ ဤဘာသာရပ်အား မြန်မာစာဖတ်ပရိသတ်နှင့် ပထမဆုံး မိတ်ဆက်ပေးခဲ့သော မော်လာနာ ဖိုင်ဆွဲလ်နှင့် ကေယာမသ်တိုင် ဤကျမ်းငယ်မှ အကျိုးခံစားသူအပေါင်းတို့ကို အရှင်မြတ် ကောင်းသောအစားများ ချီးမြှင့်ပေးသနားတော်မူပါစေ။ အာမီးန်

မုဟမ္မဒ်အာစွင်းမ် (နဒ်ဝီ၊အဗွလ်ဟစနီ၊မဇ္ဇာဟေ့ရီ)
ဟစ်ဂျ်ရီ (၁၄၄၅)ခု၊ ဇုလ်ကအ်ဒဟ်(၈)ရက်
17/5/2024(သောကြာနေ့)

စာရေးသူ၏ အမှာစာ

စကြဝဠာအပေါင်းနှင့် ခပ်သိမ်းကုန်သောအရာ အားလုံးကိုမွေးမြူဖန်ဆင်း စိုးပိုင်နိုင်နင်း ကျွေးမွေးစောင့်ရှောက်တော်မူသော တန်ခိုးတော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ပြီးပြည့်စုံတော်မူ၍ တစ်ပါးတည်းတည်ရှိတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

ဖေကာဟ်ပညာရှင်၊ ဒအ်ဝသ်ပေးဖိတ်ခေါ်သူ၊ သာသနာကိုင်းရှိုင်းသူနှင့် အွမ္မသ်ထုတစ်ရပ်လုံးသည် "ရှရီအသ်အမိန့်ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်များ"ကို သိရှိရန်မှာ အလွန်ပင် ရေးကြီးလှပေသည်။ ထို့ပြင် လူသားတစ်ဦး ဘဝရှင်သန်ခြင်းအတွက် မရှိမဖြစ်လိုအပ်ချက်ကြီး ၅ရပ် (သာသနာ၊ အသက်၊ ဦးနှောက်၊ ဂုဏ်သိက္ခာ၊ ဥစ္စာပစ္စည်း)နှင့် ပတ်သက်သည့် အစ္စလာမ့်ရည်ရွယ်ချက်များကိုလည်း လွယ်ကူရိုးရှင်းသည့်ပုံစံဖြင့် နားလည်သဘောပေါက်ရန် အရေးကြီးပေသည်။ ဧကန်မုချ ရှရီအသ်တရားတော်၏ ရည်ရွယ်ချက်များသည် ဘဝလျှောက်လှမ်းခြင်းဆိုင်ရာ နည်းဥပဒေများဖြစ်သည်သာမက လူသားထုတစ်ရပ်လုံးအတွက်ပါ တရားမျှတမှု၊ အချင်းချင်းကြား အကြင်နာတရားထားရှိမှုနှင့် လောကီ၊ လောကုတ္တရာ"အကျိုး"များ ခံစားခွင့်ရရှိရန် အကောင်အထည်ဖော်ပေးသည်။

ထို့ကြောင့် ကျွန်ုပ်သည် ဤကျမ်းငယ်တွင် "ရှရီအသ်အမိန့်ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်များ"နှင့်ပတ်သက်သည့် ကဏ္ဍအသီးသီးကို

ကုရ်အာန်၊ ဟဒီးဆ်နှင့် ဤကဏ္ဍ၌ ထူးကဲကျွမ်းကျင်သော ပညာရှင်ကြီးများ၏ အဆိုများကို ကိုးကားကာ ရေးသားထားပါသည်။ ထို့နောက် ရှရီအသ်ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်များ မူတည်သည့် အခြေခံအုပ်မြစ်များနှင့် ယင်းအုပ်မြစ်များက လူသားတစ်ဦးအတွက် မရှိမဖြစ်လို အပ်သော မဏ္ဍိုင်ကြီး﴿၅﴾ရပ်ကို မည်သို့မည်ပုံ ထိန်းသိမ်းပေးသည်ကို လည်း ဖော်ပြထားပါသည်။ ၎င်းနောက် ယင်းရှရီအသ်၏ ရည်ရွယ်ချက်များကို ဘဝ၏ ကဏ္ဍအသီးသီး၌သော်လည်းကောင်း၊ မွတ်စ်လင်မ်တို့ ကြုံကြိုက်နေရသည့် စိန်ခေါ်မှုများ၌သော်လည်းကောင်း မည်သို့မည်ပုံ အကောင်အထည်ဖော်ရမည်ကို ဤကျမ်းငယ်တွင် အကျဉ်းချုံးတင်ပြထားပါသည်။ ထို့ပြင် ဤစာအုပ်ငယ်သည် ယင်းကဏ္ဍ၏ အခြေခံစာအုပ်ဖြစ်သည့်အလျောက် အကျယ်တဝင့်ရှင်းလင်းချက်များကို မဖော်ပြထားပေ။ ရေးသားရခြင်း၏ အဓိကရည်ရွယ်ချက်ဖြစ်သည့် အခြေခံကျောင်းသား/သူများနှင့် အများမွတ်စ်လင်မ်တို့ ရှရီအသ်ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်များကို သိနားလည်းရေးကိုသာ အဓိကထောက်ရှု ရေးသားခဲ့ခြင်း ဖြစ်သည်။

ကျွန်ုပ်၏ မပြောပလောက်သော ဤကြိုးပမ်းမှုကို တင်ဆက်ရင်း ပညာရပ်၏ဝတ္တရားကို အပြည့်အဝမကျေပွန်နိုင်ခြင်းအပေါ် ကျွန်ုပ်၏ လျော့နည်းမှုအား ဝန်ခံပါ၏။ ထို့နောက် ကျွန်ုပ်သည် လူသားဖြစ်သည့်အလျောက် မှားယွင်းချွတ်ချော်မှုများမှ ကင်းစင်ကြောင်းကိုလည်း မမြွက်ဟနိုင်ပါ။ ထို့ကြောင့် ကျွန်ုပ်၏ မှားယွင်းချွတ်ချော်မှုကိုတွေ့ရှိပါက ကျေးဇူးပြု၍ အပြုသဘောဆောင်သည့် ပုံစံမျိုးဖြင့်

(၀၉-၉၅၂၄၅၂၂၂)သို့ အသိပေးအကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ထို့နောက် အလွှာဟ်အရှင်သည် ဤအစာအုပ်ဖြင့် မွတ်စ်လင်မ်ထုတစ်ရပ်လုံးကို အကျိုးဖြစ်ထွန်းစေတော်မူ၍ ဖတ်ရှုသူ၊ ရေးသားသူ၊ စာအုပ်တစ်အုပ်လုံးကို စ,လယ်,ဆုံး စီစစ်ပေးသည့် ကျွန်တော်၏ ဆရာသခင်ကျေးဇူးရှင် အလ်ဟားဂျ်မော်လာနာမုဖ်သီ အာစွင်းမ်(နဒ်ဝီ၊ မဇ္ဈာဟ့ရီ)၊ မြန်မာစာပိုင်းကို တာဝန်ယူစစ်ဆေးပေးသည့် ဆရာကိုမင်း(B.A(His)နှင့် စာအုပ်ဖြစ်မြောက်ရေးတွင် ဝိုင်းဝန်းကူညီသူများအားလုံးကို မြင့်မြတ်တော်မူသောအရှင်မြတ်က နှစ်ဋ္ဌာနလုံးတွင် ကောင်းသော အစားများ ချီးမြှင့်ပေးသနားတော်မူပါစေ။

ဆန္ဒမွန်ဖြင့်.....မုဟမ္မဒ်ဖိုင်ဆွဲလ်
(အလ်ကောင်ဆရီ)

အခန်း(၁) အခြေခံသုတ ဆယ်ပါး

❶ • အဓိပ္ပာယ်ဖွင့်ဆိုချက်

مقاصد الشريعة ဆိုသည်မှာ ပညာရပ်ဆိုင်ရာ ဝေါဟာရအရ **"**လောကီ၊ လောကုတ္တရာနှစ်ဌာနလုံး၌ လူသားအများကောင်းကျိုးကို အခြေခံ၍ အလွှာဟ် အရှင်မြတ် ပြဋ္ဌာန်ထားသော အမိန့်ပညတ်များ၏ ရည်းညွှန်းချက်ပန်းတိုင်နှင့် အမြော်အမြင်များ**"** ဖြစ်သည်။

❷ • مقاصد الشريعة ၏ အဓိကလေ့မည့် အကြောင်းအရာ

مقاصد الشريعة ၌ အဓိကလေ့လာရမည့် အချက်မှာ လူသားအတွက် ဘဝအလှတရားများ၊ ဘဝလိုအပ်ချက်များနှင့် အရေးကြီးလိုအပ်ချက်များကို အကောင်အထည်ဖော်ခြင်း ရှုထောင့်အရ ပြဋ္ဌာန်းထားသည့် ရှရီ အသ်၏ အမိန့်ပညတ်တော်များ ဖြစ်ပါသည်။

- مقاصد الشريعة ဘာသာရပ်ကို သင်ယူခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများ။

مقاصد الشريعة ဘာသာရပ်ကို သင်ယူခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများ.....

① ရှရီအသ်အမိန့်များ ပြဋ္ဌာန်းရာ၌ လူတို့၏ လောကီ၊ လောကုတ္တရာ နှစ်ဌာနလုံးရှိ ကောင်းကျိုးကို ထောက်ရှုကြောင်း သိရှိရခြင်း။

② အလ္လာဟ်အရှင်မြတ်ပြဋ္ဌာန်းထားသော အမိန့်ပညတ်တော်များသည် အချည်းအနှီးမဟုတ်ကြောင်း သိရှိရခြင်း။

③ အမိန့်ပညတ်တော်များသည် ရည်ရွယ်ချက်ပန်းတိုင်များနှင့် ချိတ်ဆက်နေကြောင်း သိရှိရခြင်း။

④ ရှရီအသ်အမိန့်ပညတ်တော်များသည် နှစ်ဌာနလုံး၌ ကောင်းကျိုးဖြစ်ရာ လူသားကို အမိန့်နာခံမှုဘက်သို့ တိုက်တွန်းခြင်း။

⑤ ရှရီအသ်အမိန့်တော်များ၏ ရည်ရွယ်ချက်များကို သိရှိခြင်းဖြင့် အစွမ်းလမ်းပေါ်သို့ ရောက်ရှိလာသော စောဒကများကို ဖြေရှင်းနိုင်ခြင်း။

⑥ ရှရီအသ်အမိန့်ပညတ်များသည် တာဝန်သီးသန့်မဟုတ်ဘဲ လူသားများ အကျိုးအတွက် ပြဋ္ဌာန်းထားခြင်း။ အစရှိသည့် အကျိုးကျေးဇူးများ ဖြစ်သည်။

4 • ပတ်သက်ဆက်နွယ်မှု

ပညာရပ်၏ အခြေခံသဘောတရားရှုထောင့်အရ ယင်းပညာရပ်သည် ﴿العلوم النقلية﴾ ဆင့်ပြန်ခြင်းဆိုင်ရာပညာရပ်များအနက်မှ ဖြစ်၍ ပြဋ္ဌာန်းခြင်းဆိုင်ရာ ရည်ရွယ်ချက်များကို ထုတ်နုတ်တင်ပြခြင်းရှုထောင့်အရ ﴿العلوم العقلية﴾ တွေးခေါ်ခြင်းဆိုင်ရာပညာရပ်များအနက်မှ ဖြစ်သည်။

5 • ထွတ်မြတ်မှု

အေမာမ်အစ်ဗ္ဗနုအဗ္ဗဒွစ္စလာမ်﴿ﷺ﴾ ဤသို့ အမိန့်ရှိသည်။ **"ရှရီအသ်၏ ရည်ရွယ်ချက်ဖြစ်သည့် အကျိုးဆောင်၊ အဆိုးရှောင်ကဏ္ဍကို သေချာ သုံးသပ်ကြည့်ပါက ရှရီအသ်တရားတော်သည် ပစ်ပယ်ထားခွင့်မရှိကြောင်းနှင့် တားမြစ်ချက်များကို ကျူးလွန်ခွင့်မရှိကြောင်း ပေါ်လွင်ထင်ရှားစွာတွေ့ရှိ ရပေမည်။**

အချုပ်ဆိုရသော် ဤပညာရပ်သည် ရှရီအသ်အမိန့်နာခံသူတိုင်းအတွက် မဖြစ်မနေသိရှိထားသင့်သော ပညာရပ်ဖြစ်သည်။ သို့မှသာ တရားတော်လာ အမိန့်ပညတ်များကို စိတ်ရောကိုယ်ပါ ကျင့်သုံးနိုင်မည် ဖြစ်သည်။

၆ • မျိုးစေ့ချသူ

ဤပညာရပ်သည် ကိုယ်တော်မြတ်ﷺခေတ်၊ ဆွဟာဗဟ်ﷺကြီးများခေတ်၊ သာဗီအီးန်ﷺခေတ်ကတည်းကပင် တည်ရှိခြင်းမှာ အငြင်းဝင်ဖွယ် မရှိပေ။ အဘယ့်ကြောင့်ဆိုသော် ကိုယ်တော်မြတ်ﷺသည် အမိန့်ပညတ်များကို ပို့ချပေးရာတွင် ရည်ရွယ်ချက်များကို ပူးတွဲဖော်ပြလေ့ရှိပေသည်။

သို့သော် ဤဘာသာရပ်ကို ကဏ္ဍတစ်ခုအနေဖြင့် စတင်ရေးသားသူမှာ اِمَامُ الْحَرَمَيْنِ اَلْجُوَيْنِيْ ဖြစ်သည်။ သခင်ကြီးသည် ယင်းဘာသာရပ်ကို မိမိ၏ **"اَلْبُرْهَانُ فِيْ أُصُوْلِ الْفِقْهِ وَالتَّلْخِيْصُ فِيْ أُصُوْلِ الْفِقْهِ"** ကျမ်းကြီးနှစ်ကျမ်းတွင် စတင်ရေးသားခဲ့သည်။ ထို့နောက် အေမာမ်ဂဇာလီﷺက **"اَلْمُسْتَصْفَى وَشِفَاءُ الْغَلِيْلِ"** ကျမ်းများ၌ လည်းကောင်း၊ အေမာမ်ရာဇီﷺက **"اَلْإِحْكَامُ فِيْ أُصُوْلِ الْأَحْكَامِ"** ၌လည်းကောင်း အသီးသီး ရေးသားကြပေသည်။ ထို့နောက် အေမာမ်ရှာသွေဗီﷺက ယင်းပညာရပ် နှင့်ပတ်သက်၍ ကဏ္ဍစုံကို စုစည်းကာ အစီစဉ်တကျဖြင့် မိမိ၏ နာမည် ကျော် ကျမ်းဂန်ကြီးဖြစ်သည့် **"اَلْمُوَافَقَاتُ فِيْ أُصُوْلِ الشَّرِيْعَةِ"**တွင် ရေးသားပြုစုခဲ့သည်။ ယင်းကျမ်းသည် ဤကဏ္ဍနှင့်ပတ်သက်၍ နောက်ပိုင်း ပညာရှင်များအတွက် မှီငြမ်းကိုးကားရာ ကျမ်းဂန်ကြီးတစ်ခု ဖြစ်ခဲ့ သည်။

7 • ပညာရပ်၏အမည်

ဤပညာရပ်ကို ﴿مقاصد الشريعة﴾ ဟူ၍ အမည်အတိအကျ မသတ်မှတ်မီအလျှင်က ပညာရှင်များသည် ယင်းပညာရပ်ကို အောက်ပါအတိုင်းခေါ်ဆိုကြ သည်။

- رُوْحُ الشَّرِيْعَةِ ﴿ရှရီအသ်၏ အသက်ဝိညာဉ်﴾
- أَسْرَارُ الشَّرِيْعَةِ ﴿ရှရီအသ်၏ လျှို့ဝှက်ချက်များ﴾
- عِلَلُ التَّشْرِيْعِ ﴿ရှရီအသ်ပြဋ္ဌာန်းရခြင်း၏ အကြောင်းတရားများ﴾
- مَحَاسِنُ الشَّرِيْعَةِ ﴿ရှရီအသ်၏ အလှတရားများ﴾
- حِكَمُ التَّشْرِيْعِ ﴿ရှရီအသ် ပြဋ္ဌာန်းရခြင်း၏ အမြော်အမြင်များ﴾

8 • မှီငြမ်းကိုးကားချက်

ဤပညာရပ်၏ မှီငြမ်းကိုးကားချက်များမှာ.....

❶ ကုရ်အာန်၊ ဟဒီးစ်၊ ဆွဟာဗဟ်များနှင့် သာဗီအီးန်များ၏ အဆိုအမိန့်များ၊ အေမာမ်ကြီးများ၏ ကောက်နုတ်တင်ပြချက်များ။

❷ ဖေကာ၃ပဒေသိပ္ပံ ﴿عِلْمُ أُصُوْلِ الْفِقْهِ﴾ တို့ဖြစ်ပါသည်။

9 • အမိန့်ပညတ်ချက်

ဤပညာရပ်တွင် အပိုင်းနှစ်ပိုင်းရှိပေသည်။

❖ သင်ပေး၊ သင်ယူခြင်းဆိုင်ရာ အမိန့်။ ယင်းအမိန့်မှာ ﴿فَرْضُ كِفَايَةٍ﴾ အချို့သင်ယူခြင်းဖြင့် အများဘက်မှ တာဝန်ကျသွားမည်။

❖ **مقاصد الشريعة** အပေါ် ရှရီအသ်အမိန့် မူတည်ခြင်း ကဏ္ဍအရ ဤပညာရပ်သည် ကုရ်အာန်၊ ဟဒီးဆ်နှင့် ပတ်သက်၍ ပြောရေးဆိုခွင့်ရှိသော ပုဂ္ဂိုလ်များနှင့် သာပိုထိုက်သက်ပေသည်။ ၎င်းတို့သည် ရှရီအသ်အမိန့် ပညတ်များပြဋ္ဌာန်းသည့်အခါတွင် ဤပညာရပ်ကို မိမိတို့ တက်နိုင်စွမ်းနိုင်သည်နှင့်အညီ အသုံးပြုရပေမည်။ ဤရှုထောင့်အရ ပညာရပ်ဆိုင်ရာ အမိန့်မှာ ﴿فَرْضُ عَيْنٍ﴾ ဖြစ်သည်။

10 • အခြေခံဥပဒေများ

အခြေခံဥပဒေများဆိုသည်မှာ ဤပညာရပ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ အမျိုးအစားများ၊ ဖြစ်ပေါ်လာပုံ၊ အစရှိသဖြင့် အသေးစိတ်အချက်အလက်များကို ဆိုလိုသည်။

အခန်း(၂) مقاصد الشريعة ၏ ဝေါဟာရအရ အဓိပ္ပာယ်။

مقاصد الشريعة ဆိုသည်မှာ ရှရီအသ်ပြဋ္ဌာန်းချက်များ၌ ပါရှိသော ရည်ရွယ်ချက်များနှင့် ရလဒ်များကို ဆိုလိုသည်။

သို့ဖြစ်ပေရာ ရှရီအသ်တရားတော်သည် လူသားတို့ထံမှ ပြဋ္ဌာန်းမိန့်များကို လိုက်နာခြင်းဖြင့် သတ်မှတ်ထားသည့် ရည်ရွယ်ချက်များကို အကောင် အထည်ဖော်ပေသည်။ ဤတွင် ရှုထောင့်နှစ်ခု ရှိပေသည်။

- ရှရီအသ်အမိန့်ပြဋ္ဌာန်းခြင်း။
- လူသားတို့ဘက်မှ အမိန့်ပညတ်များကို ဆောင်ရွက်ခြင်း။

ဤသို့ဖြင့် လူသားအကျိုးနှင့် ရှရီအသ်၏ ရည်ရွယ်ချက် နှစ်ခုစလုံးသည် ပြီး မြောက်အောင်မြင်ပေသည်။

ကဏ္ဍခွဲ(၁)

- ရှရီအသ်ပြဋ္ဌာန်းတော်မူသော အလ္လာဟ်အရှင်မြတ်၏ ရည်ရွယ်ချက်။

ပြဋ္ဌာန်းတော်မူသော အလ္လာဟ်အရှင်မြတ်၏ ရည်ရွယ်ချက်ဟု ဆိုပါက ဤသည်တွင် အပိုင်းနှစ်ပိုင်းရှိပေသည်။

❶ ပြဋ္ဌာန်းမိန့်များ၏ ညွှန်းဆိုချက်။

ဤသည် ပြဋ္ဌာန်းမိန့်၏ စာသားများနှင့် စကားလုံးများက ညွှန်းဆိုသည့် အပေါ်ယံအဓိပ္ပာယ်များဖြစ်သည်။

❷ ပြဋ္ဌာန်းမိန့်များ၏ ရည်ရွယ်ချက်။

ဦးစွာပထမ ပြဋ္ဌာန်းမိန့်များ၏ ညွှန်းဆိုချက်များကို ရှရီအသ်တရားတော်နှင့်အညီ ဖွင့်ဆိုရမည်။ ထို့နောက် ယင်းအမိန့်၏ ရည်ရွယ်ချက်များနှင့် လူသားတို့၏ မည်သို့သော အကျိုးများကို ထောက်ရှု၍ ပြဋ္ဌာန်းထားသည်ကိုလည်း သိရှိရန် ခွဲခြမ်းစိတ်ဖြာရမည်။ ပမာအနေဖြင့်တင်ပြရမည်ဆိုလျှင်.....

﴿خذ من أموالهم صدقة﴾ {التوبة: ١٠٣}

﴿အို- နဗီတမန်တော်၊ အသင်သည် ထိုသူတို့၏ ဥစ္စာပစ္စည်းများထဲမှ အလှူဝတ္ထုကို လက်ခံပါလေ။﴾ {၉-၁၀၃}

ဖော်ပြပါ အာယသ်တော်၏ အပေါ်ယံသဘောမှာ ဆွဒကာဟ်၏ ပုံစံဖြင့် လူတို့ထံမှ အတိုင်းအတာတစ်ခုကို ယူရန် ကိုယ်တော်မြတ်﴿ﷺ﴾အား အလ္လာဟ်အရှင့် ဘက်တော်မှ မိန့်ကြားခြင်းဖြစ်သည်။ သို့သော် ဤအာ

ယသ်တော်ကို **"ပြဋ္ဌာန်းမိန့်၏ ညွှန်းဆိုချက်"** ရှုထောင့်အရ ကြည့်ပါမူ အောက်ဖော်ပြပါအချက်အလက်များကို တွေ့ရှိရပေသည်။

ပြဋ္ဌာန်းမိန့်၏ ညွှန်းဆိုချက်အရ

❶ အများမွတ်စ်လင်မ်များနှင့် အထူးသဖြင့် မွတ်စ်လင်မ်အုပ်ချုပ်သူများကို ရည်ညွှန်း၍ မိန့်ကြားခြင်း။

❷ **"ဥစ္စာပစ္စည်း"**ဆိုသည့် စာသားမှ သတ်မှတ်အတိုင်းအတာ (نِصَابٌ) ကို သတ်မှတ်စည်းကမ်းချက်များနှင့် အညီယူခြင်း။

❸ ﴿မဖြစ်မနေ﴾ တာဝန်တစ်ရပ်အဖြစ်ယူခြင်း။

❹ ထိုသို့ရယူပြီးနောက် အလ္လာဟ်အရှင်မြတ် သတ်မှတ်ထားတော်မူသည့် လူတန်းစားများကြားတွင် ပြန်လည် ခွဲဝေပေးရခြင်း။

စသည်တို့ဖြစ်ပါသည်။

သို့သော် ကျွန်ုပ်တို့သည် ဖော်ပြပါအာယသ်တော်မှ **"ပြဋ္ဌာန်းမိန့်၏ ရည်ရွယ်ချက်"**အရ အဓိကကျသော အပိုင်းနှစ်ကို သိရှိရန် ကျန်ရှိနေပေသေးသည်။ ၎င်းတို့မှာ- ❶ ယူခြင်းနှင့် ❷ ပြန်လည် ပေးဆောင်ခြင်း ဖြစ်သည်။

ရှရီအသ်က အဘယ့်ကြောင့် လူတို့ထံမှ ထိုသို့သောအတိုင်းအတာရှိ ဥစ္စာပစ္စည်းကို တရားတော်အရ ရယူခိုင်းပါသနည်း ?

အဘယ့်ကြောင့် ထိုရယူပြီး ပစ္စည်းများကို အခြားသူများထံသို့ ပြန်လည် ပေးကမ်း ခိုင်းပါသနည်း ?

အဘယ့်ကြောင့် ထိုပစ္စည်းများကို သတ်မှတ် လူတန်းစားများ၌သာ ခွဲဝေပေးရန် ညွှန်ကြားထားပါသနည်း ?

ထိုသို့ ပြဋ္ဌာန်းခြင်းဖြင့် မည်သို့သော အကျိုးကျေးဇူးများ ရရှိနိုင်ပါသနည်း ?

ဤသို့သော မေးခွန်းများ၏ အဖြေများကို နောက်ပိုင်းပညာရှင်များက ﴿مقاصد الشريعة﴾ဟူ၍ အမည်ပေးကာ ဘာသာရပ်တစ်ခုအဖြစ်ရေးသားပြုစုကြခြင်း ဖြစ်ပေသည်။

مقاصد
الخطاب
مقاصد
الأحكام
مقاصد الشارع

ကဏ္ဍခွဲ(၂)

- ရှရီအသ်ပြန္ဒာန်းခြင်းဆိုင်ရာ ရည်ရွယ်ချက်များ၏ အမျိုးအစားများ။

ကျွန်ုပ်ဖော်ပြခဲ့သော ဒုတိယပုံစံဖြင့် ရှရီအသ်တရားတော်၏ ရည်ရွယ်ချက်များကို ကဏ္ဍတစ်ခုချင်းစီကိုလည်းကောင်း၊ ကဏ္ဍအသီးသီးကို ခြုံငုံ၍သော်လည်းကောင်း ကြည့်မည်ဆိုလျှင် မုချအမျိုးအစား (၃)မျိုး ထွက်ရှိ လာပေသည်။

၁။ အထွေထွေ ရည်ရွယ်ချက်။

အထွေထွေရည်ရွယ်ချက်ဆိုသည်မှာ ရှရီအသ်၏ အများစု ပြန္ဒာန်းချက်များ၌ ထောက်ရှုသည့် ရည်ရွယ်ချက်များကို ခေါ်ဆိုသည်။ ဥပမာ - ဘဝအတွက် အရေးကြီးသော မဏ္ဍိုင်ကြီး ﴿၅﴾ ရပ်ကို ထိန်းသိမ်းခြင်။ ယင်းမဏ္ဍိုင်ကြီးများမှာ- (သာသနာ၊ အသက်ဝဉ္စည်၊ မျိုးဆက်၊ အသိဉာဏ်၊ ဥစ္စာပစ္စည်း) များဖြစ်သည်။ ထိုပြင့် အခက်အခဲ အကြပ်အတည်းများကို ဖယ်ရှားခြင်း၊ လူတို့ကြား တရားမျှတမှု တည်ဆောက်

ခြင်း၊ လူသားတို့ကို စိတ်အလို ရမ္မက်နောက်လိုက်ခြင်းမှ ကယ်ထုတ်ခြင်း အစရှိသည်တို့ ဖြစ်သည်။

၂။ ကဏ္ဍအလိုက် ရည်ရွယ်ချက်။

ကဏ္ဍအလိုက် ရည်ရွယ်ချက်များဆိုသည်မှာ ကဏ္ဍအသီးသီးရှိ အမိန့် ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်များကို ဆိုလိုသည်။ ပမာ အားဖြင့် ဆိုရသော် အမွေကဏ္ဍနှင့် ဆက်စပ်ပညတ်များ၊ မိသားစုဆိုင်ရာ ပညတ်များနှင့် အရောင်းအဝယ်ကဏ္ဍဆိုင်ရာ ပညတ်တော်များ၏ ရည်ရွယ်ချက်များ စသည်တို့ ဖြစ်သည်။

၃။ ပြဋ္ဌာန်းမိန့်များနှင့် သက်ဆိုင်သည့် ရည်ရွယ်ချက်။

ဤသည် ရုရီအသံက ပြဋ္ဌာန်းထားသော ဝါဂျီဗ်၊ မွတ်စ်သဟဗ်၊ ဟရာမ်၊ မက်ရူးဟ်၊ စည်းကမ်းချက်များနှင့် ချိတ်ဆက်နေသည့် အမိန့်များ အစရှိသော အမိန့်တစ်ခုတိုင်း၏ ရည်ရွယ်ချက်များဖြစ်သည်။

ဥပမာ-

နေကာဟ်၌ မဟရ်အမိန့်ပြဋ္ဌာန်းခြင်း၏ ရည်ရွယ်ချက်မှာ ဇနီးမောင်နှံများကြား၌ ချစ်ခြင်းမေတ္တာတိုးပွားစေရန် ဖြစ်သည်။ ထို့နောက် နေကာဟ်တွင် သက်သေထားရှိရမည်ဆိုသော အမိန့်ပြဋ္ဌာန်းခြင်း၏ ရည်ရွယ်ချက်မှာ နောက်နောင် အငြင်းပွားခြင်းကိစ္စရပ်များမှ ရှောင်ကျဉ်နိုင်ရန်ဖြစ်သည်။

ထို့ကြောင့် ရှရီအသ်ပြဋ္ဌာန်းခြင်း၏ ရည်ရွယ်ချက်များကို ဖော်ပြပါ ရှုထောင့် သုံးခုဖြင့် သေချာလေ့လာစမ်းစစ်မှသာ ပြည့်ပြည့်ဝဝ သိရှိနိုင်မည်ဖြစ်သည်။ သို့မဟုတ်ပါက ရှရီအသ်ပြဋ္ဌာန်းခြင်း၏ ရည်ရွယ်ချက်များကို ကောင်းစွာနားလည်နိုင်မည် မဟုတ်ပေ။



(၂) ရှရီအသ်ပြဋ္ဌာန်းခြင်းဆိုင်ရာ ရည်ရွယ်ချက်များကို သိရှိရန် အရေးကြီးပုံ။

❶ ဖေကာပညာရပ်ကို လေ့လာသူနှင့် ဖေကာပညာရှင်တို့အတွက် ရှရီအသ်ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်များကို သိရှိရန်အရေးကြီးပုံ။

❷ သာသနာလမ်းစဉ်ပေါ်၌ လျှောက်လှမ်းသူအတွက် ရှရီအသ်ပြ ဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်များကို သိရှိရန် အရေးကြီးပုံ။

❸ ဒအ်ဝသ်ပေးဖိတ်ခေါ်သူများက မိမိဖိတ်ခေါ်သော အ ရာများ၏ ရည်ရွယ်ချက်များကို သိရှိရန် အရေးကြီးပုံ။

ရှရီအသ်ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်များကို သိရှိရန် အရေးကြီးပုံ

ရှရီအသ်၏ ရည်ရွယ်ချက်များသည် **مقاصد الشريعة** ၏ အဓိပ္ပာယ်ကြီးဖြစ်သော **أَبُوْ إِسْحَاقَ الشَّاطِبِيُّ** ﴿ﷺ﴾ သခင်ပြောသကဲ့သို့ အအ်မလ်များ၏ အသက်ဝိညာဉ်များဖြစ်ရာ ရည်ရွယ်ချက်မဲ့ (အသက်ဝိညာဉ်မဲ့) ရှင်သန်ခြင်းက အလွန်ပင် အံ့သြစရာ ကောင်းလှပေသည်။ သို့ဖြစ်ပေရာ ရည်ရွယ်ချက်မဲ့သော ပညတ်တော်သည် အသက်ဝိညာဉ်မဲ့သကဲ့သို့ ရှရီအသ်ပြဋ္ဌာန်းမိန့်၏ ရည်ရွယ်ချက်များကို မသိရှိသည့် ဖေကာဟ်ပညာရှင်သည်လည်း (ဖေကာဟ်ပညာရှင် မဟုတ်)ဟု မဆိုထိုက်သော်လည်း ယင်းသည် အသက်ဝိညာဉ်မဲ့သော ပညာရှင် တစ်ပါးပင်ဖြစ်ပေသည်။

ထို့နောက် ရှရီအသ်၏ရည်ရွယ်ချက်များကိုမသိရှိဘဲ သာသနာတော်ကို ကိုင်းရှိုင်းသောသူသည် အသက်ဝိညာဉ်မဲ့သည့် သာသနာကိုင်းရှိုင်းသော သူဖြစ်သကဲ့သို့ ယင်းရှရီအသ်၏ ရည်ရွယ်များကို မသိရှိဘဲ အလ္လာဟ်အရှင်မြတ်ဘက်တော်သို့ ဖိတ်ခေါ်သော သူသည်လည်း အသက်ဝိညာဉ် မဲ့သော ဖိတ်ခေါ်သူဖြစ်သည်။

ထို့ကြောင့် ကျွန်တော်တို့ အသက်ဝိညာဉ်၊ အနှစ်သာရများနှင့်တကွ သာသနာ့အသိများကို သိရှိကြပြီးနောက် သာသနာ့အမိန့်များအား လိုက်နာဆောင်ရွက်ကာ အစွမ်းသတ်တော်သို့ ဖိတ်ခေါ်ကြစို့လား။

၁ • ဖေကာပညာရပ်ကို လေ့လာသူနှင့် ဖေကာဟ်ပညာရှင်တို့အတွက် ရှရီအသ်ပြဋ္ဌာန်းခြင်းဆိုင်ရာ ရည်ရွယ်ချက်များကို သိရှိရန်အရေးကြီးပုံ။

ဖေကာဟ်ပညာရပ်ကို လေ့လာသူနှင့် ဖေကာဟ်ပညာရှင်တို့သည် ရှရီအသ်၏ ရည်ရွယ်ချက်များကို သိရှိရန် အရေးကြီးရခြင်းမှာ "﴿اَلْفِقْهُ﴾ဆိုသည့် စကားလုံးသည်ပင် ယင်း၏ မူရင်းအဓိပ္ပာယ်မှာ အရာဝတ္ထုတို့၏ ဓမ္မစစ်သဘောတရားများကို သိရှိခြင်း၊ အနုစိတ်အချက်အလက်များကို သိနားလည်ခြင်း" ဆိုသည့်အချက်ကြောင့်ပင် ဖြစ်သည်။ ဤသည်နှင့်ပတ်သက်၍ **အေမာမ်ကြီးဟဇရသ် ရှားဟ်ဝလီယွလ္လာဟ် ဒဲ့ဟ်လဝီက** ဤသို့ အဓိန့်ရှိပေသည်။ "ရှရီအသ်၏ ပညာရပ်များအနက် အမြင့်မြတ်ဆုံးသော ပညာရပ်မှာ သာသနာ့အဓိန့်များ၏ လျှို့ဝှက်ချက်များနှင့် ရည်ညွှန်းချက်များကို သိနားလည်သည့် ပညာရပ်ပင်ဖြစ်သည်။ ထို့ကြောင့် အဓိန့်ပညတ်တော်များ၏ သီးခြားပြဋ္ဌာန်းခြင်းဆိုင်ရာ ညွှန်းဆိုချက်များနှင့် ရည်ရွယ်ချက် သဘောတရားများကို လေ့လာသူသည် ရှရီအသ်တရားတော်က ယူဆောင်လာသည့် ပညတ်တော်၏ ဓမ္မစစ်သဘောတရားကို သိရှိနားလည်သူဖြစ်သည်။"

ပြဋ္ဌာန်းခြင်းဆိုင်ရာ ရည်ရွယ်ချက်များကို မထောက်ရှုခြင်းနှင့် လိုက်နာကျင့်သုံးသူတို့အား ယင်းရည်ရွယ်ချက်များကို မရှင်းပြခြင်းသည် ဖေကာဟ်ပညာကို အပေါ်ယံကျင့်သုံးရသည့် ဥပဒေများအဖြစ်

ပြောင်းလဲစေသည်။ ထို့ပြင် ဖေကာဟ်ပညာရပ်၏ စာတွေ့နှင့် လက်တွေ့ကျင့် သုံးခြင်းကဏ္ဍ၌ များစွာကျဆင်းမှုများဖြစ်စေသည်။

ထို့ကြောင့် **အေမာမ် အဗ္ဒနေ့အာရှူးရ်(ဆ)က** ﴾ရှရီအသ်၏ ရည်ရွယ်ချက်များကို မျက်ကွယ်ပြုခြင်းသည် ဖေကာဟ်ပညာရပ်ကို နောက်ကျကျန်ရစ်စေခြင်း၏ အဓိကအကြောင်းအရင်း ဖြစ်သည်﴿ဟု ဆိုထား ပေသည်။ ထို့ပြင် مُحَمَّدُ بْنُ عَبْدِ الْكَبِيْرِ اَلْكَتَّانِيُّ သခင်ကလည်း ﴾ပြဋ္ဌာန်း ခြင်းဆိုင်ရာ ရည်ရွယ်ချက်များကို မဖော်ပြဘဲ အမိန့်ပညတ်များသီးသန့် ကိုသာဖော်ပြခြင်းသည် သာသာနာကို ယုတ်လျော့ကျဆင်းစေသည့် အချက်တစ်ချက်ပင် ဖြစ်သည်﴿ဟု ဆိုထားပေသည်။

J

- သာသနာ့လမ်းစဉ်ပေါ်၌ လျှောက်လှမ်းသူအတွက် ရှရီအသ်ပြဋ္ဌာန်းခြင်းဆိုင်ရာ ရည်ရွယ်ချက်များကို သိရှိရန်အရေးကြီးပုံ။

ရှရီအသ်အမိန့်များကို လိုက်နာဆောင်ရွက်သူသည် အမိန့်ပြဋ္ဌာန်းခြင်းဆိုင်ရာ ရည်ရွယ်ချက်များကို မသိရှိပါက ပျင်းရိခြင်းနှင့် လိုက်နာကျင့်သုံးမှု၌ လျော့ပေါ့မှုများ ဖြစ်လာနိုင်ပေသည်။ တစ်ခါတစ်ရံ သံသယများပါ ဖြစ်ရှိလာနိုင်ပေသည်။ ထို့နောက် အအ်မလ်များကို ၎င်း၏ချမှတ်ထားသည့် ပုံစံအတိုင်း မဆောင်ရွက်ခြင်းသည် တရားတော်ကို လိုက်နာရာ၌ လျော့နည်းမှု တစ်ခုပင်ဖြစ်ပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့ပတ်ဝန်းကျင်ကို ကြည့်မည်ဆိုပါက ရှရီအသ်၏ ရည်ရွယ်ချက်များကို မသိရှိဘဲ လိုက်နာဆောင်ရွက်ကြသူများနှင့် တရားတော်

ကချမှတ်ထားသည့်အတိုင်း လိုက်နာသမှု မပြုသည့်သူများကို များစွာ တွေ့ရှိရပေသည်။ အလ္လာဟ်အရှင်မြတ်ဂရုဏာပြုသည့် လူအနည်းစုသာ လျှင် ရှရီအသ်၏ ရည်ရွယ်ချက်များကို သိရှိ၍ လိုက်နာဆောင်ရွက်ကြခြင်းဖြစ်ပေသည်။

ဖော်ပြပါပုံစံ၏ ဆန့်ကျင်ဘက်ဖြစ်သော ရှရီအသ်တရားတော်၏ ရည်ရွယ်ချက်များကို သိရှိ၍ လိုက်နာကျင့်သုံးခြင်းသည် အအ်မလ်များလုပ်ဆောင်ရာ၌ တက်ကြွစေပြီး အကောင်းဆုံးသော ပုံစံဖြင့် စွဲမြဲသည်းခံစွာ လိုက်နာကျင့်သုံးမှုကို ဖြစ်စေသည်။ ပမာဆိုရသော် ဇကာသ်၏ ရည်ရွယ်ချက်နှင့် ဇကာသ်မှ ရရှိမည့် အကျိုးကျေးဇူးများကို မသိရှိသူသည် ဇကာသ်အမိန့်ကို ဆောင်ရွက်ခြင်းထက် မဆောင်ရွက်ခြင်းဘက်သို့ သာပို၍ အားပေမည်။ ၎င်းသည် ဇကာသ်အမိန့် ကို ဆောင်ရွက်ပါကလည်း ထိုအမိန့်ကို နောက်ဆိုင်းခြင်း၊ သတ်မှတ်အတိုင်းအတာထက်လျော့ပေါ့ခြင်းများ ပြုလာနိုင်သည်။ ထို့ပြင် မိမိပိုင်ဆိုင်ထားသည့် အရာများအနက်မှ အညံ့ဆုံးသောအရာကို နောင်တရများဖြင့် ပေးကမ်းမည်ဖြစ်သည်။

ဇကာသ်ပေးကမ်းသူသည် ကုရ်အာန်တွင်လာရှိသည့် ﴿خذ من أموالهم صدقة تطهرهم وتزكيهم بها وصل عليهم، إن صلوتك سكن لهم﴾ {التوبة:١٠٣} ကို ရွေ့ဝယ်ထားကာ "ဇကာသ်ပေးကမ်းသူသည် ရယူသူထက်သာပို၍ အကျိုးကျေးဇူးများကို ခံစားရခြင်း၊ ဇကာသ်သည် ယင်း၏ပိုင်ဆိုင်မှုများကို သန့်စင်ပေးခြင်း၊ ကိုယ်တော်မြတ်﴿ﷺ﴾နှင့် မုအ်မင်နမ်များ၏ ဒိုအာများ ရရှိခြင်း၊ ဤသို့ဖြင့် အလ္လာဟ်အရှင့်ဘက်တော်မှ ငြိမ်းချမ်းမှု

များနှင့် ကရုဏာများရရှိခြင်း” အစရှိသည်တို့ကို သိရှိမည် ဆိုပါက ၎င်း၏ ဇကာသ်အမိန့်ကို ဆောင်ရွက်ခြင်းသည် တိုးတက်ပြောင်း လဲလာပေမည်။ ထို့နောက် အခြားသော အအ်မလ်များ၌လည်း တိုးတက်မှုများ ရရှိလာပေမည်။

ရှရီအသ်၏ ရည်ရွယ်ချက်များကို သိရှိရန်အရေးကြီးပုံကို ကိုယ်တော်မြတ်ﷺနှင့် ဆွဟာဗဟ်(ﷺ)တို့၏ သမိုင်းစာမျက်နှာမှ အဖြစ်အပျက်တစ်ခုကို ကိုးကား၍ တင်ပြပါမည်။ “ကိုယ်တော်မြတ်ﷺသည် ဟိုနိုင်နစ်စပ်ပွဲကို အောင်နိုင်ပြီးနောက်တွင် ရရှိသည့်သုံ့ပန်းပစ္စည်းများအား ခွဲဝေပေးခဲ့သည်။ ထိုပစ္စည်းများသည် အလွန်ပင် များပြားလှပေသည်။ သို့ဖြစ်ပေရာ ကိုယ်တော်မြတ်ﷺသည် မက္ကာဟ်သားများနှင့် အစ္စလာမ်ကို စတင်လက်ခံထားသည့် သူများအား များစွာခွဲဝေပေးခဲ့သည်။ သို့သော် ကိုယ်တော်မြတ်ﷺသည် အန်ဆွာရီဆွဟာဗဟ်(ﷺ)များကို ခွဲဝေပေးခဲ့ခြင်း မရှိခဲ့ပေ။ ထို့ကြောင့် အန်ဆွာရီဆွဟာဗဟ်(ﷺ)များက စိတ်ထိခိုက်ကြပြီး အချို့သောသူများက {ကိုယ်တော်မြတ်ﷺသည် မိမိမျိုးနွယ်နှင့် တွေ့ဆုံပြီးနောက်တွင် ယင်းတို့ကိုသာ ဦးစားပေးသည်}ဟု ထင်မြင်ခဲ့ကြသည်။

အဗ္ဒုနုအစ်ဟားက်(ﷺ)က ဟဇရသ် အဗူစအီးဒ်(ﷺ)သခင်ထံပါးမှ ဤသို့ဆင့်ပြန်ခဲ့သည်။ “အန်ဆွာရီခေါင်းဆောင်တစ်ဦးဖြစ်သည့် ဟဇရသ် စအဒ်ဗင်န်အိုဗာဒဟ်သည် ကိုယ်တော်မြတ်ﷺထံတော်ပါးသို့ ဝင်ရောက် ခစားခဲ့သည်။ ထို့နောက် ဤသို့ လျှောက်ထားလေသည်။

“အို၊ ကိုယ်တော်.... အန်ဆွာရီတို့အနက် ဤအဖွဲ့သည် တမန်တော်ခွဲဝေပေးခဲ့သည့် စစ်သုံ့ပန်းပစ္စည်းများနှင့်ပတ်သက်၍ စိတ်ထဲတွင် တစ်မျိုးတစ်မည် မြင်နေကြသည်။ သို့ဖြစ်ပေရာ အသင်နဗီတမန်တော်သည် အသင့်မျိုးနွယ်နှင့် အခြားအရဗ်မျိုးနွယ်များတွင် များစွာသော ပေးကမ်းမှုများပြု၍ ဤအန်ဆွာရီတို့မူ တစ်စုံတစ်ရာမျှ ပေးကမ်းခဲ့ခြင်း မရှိခဲ့ပေ။ ထိုအခါ ကိုယ်တော်မြတ်(ﷺ)က “အသင် ဒီကိစ္စနှင့်ပတ်သက်၍ မည်သို့ မြင်ပါသနည်း”ဟု မေးမြန်းရာ သခင်ကြီးက “ကျွန်ုပ် သည်လည်း ကျွန်ုပ်မျိုးနွယ်များကဲ့သို့ပင် မြင်ပါသည်”ဟု ပြန်လည် လျှောက်ထားခဲ့သည်။ သို့ဖြစ်ပေရာ ကိုယ်တော်မြတ်(ﷺ)က သခင်ကြီးကို အန်ဆွာရီများအား စုပေးရန် အမိန့်ပေးခဲ့သည်။ အန်ဆွာရီများ စုရုံးရောက်ရှိလာသောအခါ ကိုယ်တော်မြတ်(ﷺ)က ဝင်ရောက်လာပြီး အလ္လာဟ်အရှင်မြတ်ကို ချီးမွမ်းထောမနာပြုကာ ဤသို့ မိန့်ဆွေးလေသည်။ “အို.. အန်ဆွာရီအပေါင်းတို့... အသင်တို့ပြောဆိုနေကြသည့် စကားရပ်များအရ စိတ်ထဲတွင် တစ်မျိုးတစ်မည်ဖြစ်နေကြောင်း ငါကိုယ်တော့်ထံ သတင်းရောက်ရှိခဲ့ပေသည်။ အသင်တို့ လမ်းမှားနေချိန်တွင် ငါကိုယ်တော် ရောက်ရှိလာခဲ့ခြင်း မဟုတ်ပေလော့။ သို့ဖြစ်ပေရာ အလ္လာဟ်အရှင်မြတ်သည် ငါ၏အကြောင်းခံဖြင့် အသင့်တို့ကို လမ်းမှန်တရား ချီးမြှင့်ခဲ့ပေသည်။ ထို့နောက် အသင်တို့ ကြပ်တည်းနေချိန် ငါကိုယ်တော် ရောက်ရှိလာခဲ့ခြင်း မဟုတ်ပေလော့။ သို့ဖြစ်ရာ အရှင်မြတ်သည် အသင်တို့ကို

ကြွယ်ဝမှုကို ချီးမြှင့်ခဲ့ပေသည်။ ထို့ပြင် အသင်တို့အချင်းချင်းရန်သူများ အဖြစ်ရှိနေချိန်တွင် ငါကိုယ်တော် ရောက်ရှိလာခြင်း မဟုတ်ပေလော့။ သို့ဖြစ်ပေရာ အလ္လာဟ်အရှင်မြတ်သည် အသင်တို့နှလုံးသားများကြား တွင် သင့်မြတ်မှုကို ချီးမြှင့်ခဲ့ပေ သည်။" ထိုအခါ အန်ဆွာရီဆွဟာဗဟ်များက "အလ္လာဟ်နှင့် အလ္လာဟ့်ရစူလ်သည်သာ ကျေးဇူးကြီးမားဆုံးဖြစ် တော်မူပါ၏"ဟု ဖြေကြားခဲ့သည်။ ထို့နောက် ကိုယ်တော်မြတ်ﷺက အန်ဆွာရီ ဆွဟာဗဟ်များကို "အသင်တို့သည် ကျွန်ုပ်ကို အဖြေ မပေးကြ ကုန်လော့" ဟု မေးမြန်းရာ အန်ဆွာရီဆွဟာဗဟ်များက "ကျွန်ုပ်တို့သည် မည်သို့ အဖြေပေးရမည်နည်း။ မုချ အလ္လာဟ်နှင့် အလ္လာဟ်ရစူလ်သာလျှင် ကျေးဇူးကြီးမားဆုံး ဖြစ်တော်မူသည်"ဟူ၍ ဖြေကြားကြသည်။ ထိုအခါ ကိုယ်တော်မြတ်ﷺက "အသင်တို့သည် ဤသို့ ပြန်လည်ပြောကြားမည်ဆိုပါကလည်း အသင်တို့ မှန်ပါသည်။ အသင်တို့ ထောက်ခံခြင်းလည်း ခံရပေမည်။ "အသင်ကိုယ်တော် ငြင်းပယ်ခံအဖြစ် ကျွန်ုပ်တို့ထံသို့ လာရှိခဲ့ပေရာ ကျွန်ုပ်တို့သည် ကိုယ်တော်သခင့်ကို ထောက်ခံခဲ့ပေသည်။ ကိုယ်တော်သခင်သည် စွန့်ပယ်ခံအဖြစ် ရောက်ရှိလာခဲ့ပေရာ ကျွန်ုပ်တို့သည် အသင်ကိုယ်တော်မြတ်ကို ကူညီပေးခဲ့ပေသည်။ ထို့ပြင် အသင် ကိုယ်တော်သည် နှင်ထုတ်ခံဘဝဖြစ် ရောက်ရှိလာခဲ့ရာ ကျွန်ုပ်တို့သည် အသင်ကိုယ်တော့်ကို ခိုလှုံခွင့်ပေးခဲ့သည်။ ထို့ပြင် ကိုယ်တော်သခင်သည် လိုအပ်သူအဖြစ် ရောက်ရှိလာခဲ့ပေရာ ကျွန်ုပ်တို့သည် ကိုယ်တော် သခင်ကို မျှဝေခံစားပေးခဲ့ကြသည်။"

အို... အန်ဆွာရီ အပေါင်းတို့... အသင်တို့သည် လောက၏ မပြောပ လောက်သောအရာနှင့်ပတ်သက်၍ စိတ်ထဲတွင် တစ်မျိုးတစ်မည် ဖြစ် နေကြကုန်သလော။ စင်စစ်သော်ကား ငါကိုယ်တော်မြတ်သည် ဤဥစ္စာ ပစ္စည်းများကို အခြေခံ၍ မျိုးနွယ်စုများ အစ္စလာမ်သာသနာတော်ကို သက်ဝင်ယုံကြည်လာရန် ပေးကမ်းခဲ့ခြင်း ဖြစ်သည်။ အသင်တို့ကိုမူ မိမိ တို့၏ အစ္စလာမ့်လမ်းစဉ်ပေါ်၌သာ ထားရှိခဲ့ခြင်း ဖြစ်သည်။ အိုး၊ အန် ဆွာရီအပေါင်းတို့.... လူတို့က ဆိတ်များ၊ ကုလားအုပ်များ အိမ်သို့ ယူ ဆောင်သွားနေချိန်တွင် အသင်တို့က အလ္လာဟ့်ရစူလ်ကို မိမိတို့အိမ်သို့ ခေါ်ဆောင်သွားရခြင်းကို မနှစ်သက်လော။ ငါကိုယ်တော်မုဟမ္မဒ်၏ အသက်ဝိညာဉ်ကို စိုးပိုင်တော်မူသော အရှင်၏ ကစမ်။ ဟစ်ဂျ်ရသ်သာ မရှိခဲ့လျှင် ငါကိုယ်တော်သည်လည်း အန်ဆွာရီတို့အနက်မှ ပုဂ္ဂိုလ်တစ် ဦးပင် ဖြစ်ပေလိမ့်မည်။ လူအများစုက လမ်းတစ်ခုကို ရွေးလျှောက်ချိန် အန်ဆွာရီများက အခြားလမ်းတစ်ခုကို ရွေးလျှောက်ပါမူ ငါကိုယ်တော် မြတ်သည်လည်း အန်ဆွာရီတို့လျှောက်သည့် လမ်းကိုသာ လျှောက် တော်မူမည်။ အို... အလ္လာဟ်အရှင်... အန်ဆွာရီများကို ကရုဏာသက် တော်မူပါ။ ထို့နောက် ၎င်းတို့၏ သား၊ မြေး၊ မြစ်များကိုလည်း ကရုဏာ သက်တော်မူပါ” ထိုအခါ မျိုးနွယ်စုတစ်ခုလုံးသည် မုဆိတ်များပါ စိုရွှဲ သည်ထိ ငိုကျွေးကာ ဤသို့ ဆိုကြလေသည်။ “ကိုယ်တော်မြတ် ခွဲဝေ

ပေးသည့် ဝေစုကို စိတ်ရောကိုယ်ပါ ကျွန်တော်မျိုးတို့ နှစ်သက်သဘော တူပါ၏"《ဗိုခါရီကျမ်း၊ ဟဒီးဆ်နံပါတ်-၄၃၃၀》

ဖော်ပြပါ အလွန်ပင် မွန်မြတ်လှသော အန်ဆွာရီများသည် ကိုယ်တော့် လုပ်ဆောင်ချက်၏ ရည်ရွယ်ချက်များကို မသိရှိချိန်တွင် တစ်မျိုးတစ်မည် ထင်မြင်မှုများ ရှိခဲ့ပေသည်။ သို့သော် ကိုယ်တော့် လုပ်ဆောင်ချက်၏ ရည်ရွယ်ချက်များကို သိရှိသွားသောအခါ စိတ်ရောကိုယ်ပါ ကျေနပ်နှစ်သက်သဘောကျ သွားကြသည်။ ဤကိစ္စရပ်တွင် "ဒါဟာ အလွှာဟ်နှင့် အလွှာဟ့်ရစူလ်ရဲ့ အမိန့်ဖြစ်တယ်။ ဒါကို စောဒကတစ်စုံတစ်ရာမရှိဘဲ တစ်သဝေမတိမ်း နာခံရမယ်"ဟူ၍ ပြောပိုင်ခွင့် ရှိပါသည်။ သို့သော် အမိန့်ပညတ်များ၏ ရည်ရွယ်ချက်များကို သိရှိခြင်းက လိုက်နာကျင့်သုံးမှုဌ အထောက်အကူ ဖြစ်စေပါသည်။ အထူးသဖြင့် သံသယများနှင့် ရှုပ်ထွေးနိုင်သည့် နေရာများတွင် ထိုရည်ရွယ်ချက်များ ကို သိရှိရန်မှာ အလွန်ပင်အရေးကြီးလှပါသည်။ {'အသင်သည် မယုံ ကြည်ပါ သလော'။ 'ထိုသို့မဟုတ်ပါ၊ မုချယုံကြည်ပါ၏။ သို့ရာတွင် မိမိ စိတ်နှစ်သိမ့်ကျေ နပ်ရန်အလို့ငှာ ဖြစ်ပါသည်'} 《၂-၂၆၀》

၃ • ဒအ်ဝသ်ပေးဖိတ်ခေါ်သူများက မိမိဖိတ်ခေါ်သော အရာများ၏ ရည်းရွယ်ချက်များကို သိရှိရန် အရေးကြီးပုံ။

အရှင်မြတ်ဘက်သို့ ဒအ်ဝသ်ပေးဖိတ်ခေါ်သူသည် ရှရီအသ်တရားတော်၏ ရည်ရွယ်ချက်များကို သိရှိရန် အရေးကြီးရခြင်းမှာ အောက်ပါ အာယသ်တော်ကြောင့် ဖြစ်ပေသည်။ "အို- နဗီတမန်တော် အသင်သည် (ၔင်းတို့အား ဤသို့) ပြောကြားပါလေ။ ဤသည်သာလျှင် ငါ၏လမ်းစဉ်ဖြစ်ပေသည်။ ငါသည် (လူခပ်သိမ်းတို့အား) အလွှာဟ် အရှင်မြတ်ဘက်သို့ ဖိတ်ခေါ်သည်။ ငါနှင့်တကွ၊ ငါ၏ နောက်လိုက်တို့သည်လည်း အလွန်ထင်ရှားခိုင်လုံသော သက်သေသာဓကအပေါ်၌ တည်ရှိနေကြပေသည်။ ﴿၁၂-၁၀၈﴾

ဖော်ပြပါအာယသ်တော်တွင် "အလွန်ထင်ရှားသော သက်သေသာဓကဖြင့် ဖိတ်ခေါ်သမှုပြုခြင်း"ဆိုသည်မှာ ဖိတ်ခေါ်သူသည် မိမိဖိတ်ခေါ်သည့်အရာ၏ ရည်ညွှန်းချက်နှင့် ရည်ရွယ်ချက်များကိုပါ တိတိကျကျသိရှိရမည်ကို ဆိုလိုသည်။ သို့မှသာ ထိုသူသည် အလွန်ထင်ရှားခိုင်လုံသော သက်သေသာဓကအပေါ် တည်ရှိသူဖြစ်ပေမည်။ ထို့နောက် အခြားအာယသ်တော်တစ်ခုတွင်လည်း ဤသို့လာရှိထားပေသည်။ "(အို-နဗီတမန်တော်) အသင်သည် မိမိအား မွေးမြူတော်မူသော အရှင်၏လမ်းတော်သို့ (လူတို့အား) ဉာဏ်ပညာနှင့်လည်းကောင်း၊ ကောင်းမြတ်

သော ဆုံးမသြဝါဒနှင့်လည်းကောင်း ဖိတ်ခေါ်ပါလေ။ ထိုမှတစ်ပါး အသင်သည် ၎င်းတို့အား အကောင်းဆုံးနည်းဖြင့် အချေအတင် ပြောဆိုပါလေ။" ﴿၁၆-၁၂၅﴾

မိမိဖိတ်ခေါ်သည့်အရာ၏ ရည်ရွယ်ချက်များ၊ အဆင့်အတန်းများ၊ ထိုအရာများကို ခေတ္တဆိုင်းငံ့ခွင့်ရှိမရှိ၊ မှားယွင်းမှုများ ကြုံတွေ့ရပါက ခွင့်လွှတ်နားလည်ပေးခွင့် ရမရ အစရှိသည်တို့ကို သိနားလည်းခြင်းသည် ရှရီအသ်၏ ရည်ရွယ်ချက်များကို သိရှိမှသာ ဖြစ်နိုင်ပေသည်။ ထို့ပြင် အဖြစ်မနေလိုအပ်ချက်များ﴿اَلضَّرُوْرِيُّ﴾၊ အရေးကြီးလိုအပ်ချက်များ﴿اَلْحَاجِيُّ﴾ နှင့် ဘဝအလှတရားများ﴿اَلتَّحْسِيْنِيُّ﴾ အစရှိသည့် ကဏ္ဍများကိုလည်း ရှရီအသ်၏ ရည်ရွယ်ချက်များကို သိရှိမှသာလျှင် ခွဲခြမ်းစိတ်ဖြာနိုင်ပေမည်။

ထို့နောက် ကျွန်တော်တို့သည် မျက်မှောက်ခေတ်၏ ယဉ်ကျေးမှု၊ အတွေးအခေါ်များနှင့် ဆိုရှယ်မီဒီယာများကို ကြုံကြိုက်နေရသည့် အလျောက် လူတို့အပေါ်၌ ရှရီအသ်၏ ရည်ရွယ်ချက်များနှင့် အလှတရားများကို ရှင်းလင်းတင်ဆက်ပြသရန် မဖြစ်မနေလိုအပ်လာပေသည်။ သို့မှသာ အခြားသူတို့၏ လိမ်လည်လီဆယ်မှုများမှ သာသနာတော်ကို ကင်းစင်စေကာ စောဒကနှင့် သံသယများပါ ချေဖျက်ပြီး ဖြစ်စေမည်။

အခန်း(၃)
အမိန့်နှင့် ပြဋ္ဌာန်းရခြင်း၏ အကြောင်းတရားကြား ချိတ်ဆက်မှု။

နမားဇ်ပြဋ္ဌာန်းခြင်း။

ရိဇာ၊ ဇကားသ် ပြဋ္ဌာန်းခြင်း။

ဟဂ်ျ် ပြဋ္ဌာန်းခြင်း။

အမိန့်ပြဋ္ဌာန်းရခြင်း၏ အကြောင်းတရားဆိုင်ရာ ဥပမာအချို့။

အခန်း(၃)

အမိန့်နှင့် ပြဋ္ဌာန်းရခြင်း၏ အကြောင်းတရားကြား ချိတ်ဆက်မှု။

ဖော်ပြပါ ရှရီအသ်ပြဋ္ဌာန်းခြင်းဆိုင်ရာ ရည်ရွယ်ချက်များ၏ ဖွင့်ဆိုချက်နှင့် ရှင်းလင်းချက်များ၌ တရားတော်တွင် ရည်ရွယ်ချက်ပန်းတိုင်များရှိကြောင်းနှင့် ယင်းတို့သည်လည်း လူသားတို့အကျိုးကို အခြေခံထားကြောင်း တွေ့ရှိရပေသည်။

ဤကဏ္ဍသည် အလွန်ပင် အရေးပါသည့်အတွက်ကြောင့် ထိုအရာပေါ်၌ အထောက်အထားအကိုးအကားများကို တင်ပြရန်မှာ အရေးကြီးပေသည်။ အဘယ့်ကြောင့်ဆိုသော် အချို့သော ပညာရှင်များနှင့် အချို့ ပုဂ္ဂိုလ်များကမူ ရှရီအသ်ကို **"**အမိန့်နာခံခြင်း၊ မိမိသည် အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်ဖြစ်ကြောင်းထုတ်ဖော်ခြင်း၊ ယင်းနှင့် ဆက်စပ်သည့် ဒွန္ဒယာဟ်၊ အာခေရသ်တွင် စဝါးဗ်ရရှိခြင်း၊ အဇားဗ်ခံစားရခြင်း၊ ဂျန္နသ်ရရှိခြင်း၊ ဂျဟန္နမ်လားရခြင်း**"**မျှသာ မြင်ကြပေသည်။

သို့သော် ရှရီအသ်တရားတော်ပြဋ္ဌာန်းခြင်းသည် လူသားတို့၏ ဒွန္ဒယာဟ်၊ အာခေရသ်နှစ်ခုလုံးအတွက် ကောင်းကျိုးများပေါ် အခြေခံ၍ ပြဋ္ဌာန်းထားခြင်းမှာ အငြင်းဝင်ဖွယ်ရာ ကိစ္စရပ်မဟုတ်သကဲ့သို့ အ

ထူးတလည် လေ့လာစမ်းစစ်ရမည့် ကိစ္စရပ်လည်း မဟုတ်ပေ။ ဤသည်နှင့်ပတ်သက်၍ သံသယဝင်ဖွယ်အလျှင်းမရှိသည်ထိ မြောက်မြားစွာသော အာယသ်တော်များနှင့် ဟဒီးစ်တော်များ လာရှိပေသည်။

ယင်းအာယသ်တော်များနှင့် ဟဒီးစ်တော်များအနက်မှ အချို့မှာ အောက်ပါအတိုင်းဖြစ်သည်။

1 အလ္လာဟ်အရှင်မြတ်သည် လူသားများကို ဤသို့မိန့်ကြားထားတော်မူလေသည်။ **"**ထို့နောက် အကယ်၍ အသင်တို့ထံ ငါအရှင်မြတ်အထံတော်မှ တစ်စုံတစ်ရာ တရားလမ်းညွှန် ရောက်ရှိလာသောအခါ မည်သူမဆို ငါအရှင်မြတ်၏ တရားလမ်းညွှန်အတိုင်း လိုက်နာခဲ့မူ ထိုသူသည် လမ်းမှားလိမ့်မည်မဟုတ်ပေ။ အထမမြောက်အကြံမှောက်မည်လည်း မဟုတ်ချေ။ သို့ရာတွင် မည်သူမဆို ငါအရှင်မြတ်၏ တရားဒေသနာတော်မှ မျက်နှာလွှဲခဲ့မူ ဧကန်မလွဲထိုသူ၌ ကျပ်တည်းသော အသက်မွေးမြူမှုရှိပေမည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းအား ကိယာမသ်နေ့တွင် မျက်ကန်းအဖြစ် ရှင်ပြန်ထစေတော်မူမည်ဖြစ်သည်။**"**

﴿၂၀-၁၂၃၊ ၁၂၄﴾

ဖော်ပြပါအာယသ်တော်က "အလ္လာဟ်အရှင်မြတ်ချပေးသော အရာသည် လူသားတို့အတွက် လမ်းမှန်တရားများဖြစ်သည်။ ထို့နောက် ယင်းတရားလမ်းညွှန်သည် လူသားတို့ကို လောကီ၊ လောကုတ္တရာနှစ်

ဌာနလုံးတွင် ကံဆိုးခြင်းနှင့် အာခေရသ်တွင် မျက်ကန်းဘဝရောက်ရှိရခြင်းမှ ကယ်တင်ပေးသည်။ ထို့ပြင် ယင်းအာယသ်တော်သည် လောကီ၊ လောကုတ္တရာ နှစ်ဌာနလုံးနှင့်သက်ဆိုင်သည့် အာယသ်တော်ဖြစ်ပေသည်။

2 **"**ဧကန်မလွဲ ငါအရှင်မြတ်သည် မိမိ ရစူလ်တမန်တော်အား ထင်ရှားစွာသော သက်သေလက္ခဏာများနှင့်တကွ စေလွှတ်တော်မူခဲ့၏။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ထိုရစူလ်တမန်တော်များနှင့်အတူ လူတို့သည် တရားမျှတမှုအပေါ်၌ ရပ်တည်ကြအံ့သောငှာ ကျမ်းဂန်ကိုလည်းကောင်း၊ တရားမျှတမှုကိုလည်းကောင်း ချပေးသနားတော်မူခဲ့၏။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် သံသတ္ထုကို ချပေးတော်မူခဲ့၏။ ယင်းသံသတ္ထုခဲ့ ကြီးကျယ် ပြင်းထန်လှသော စွမ်းအင်ရှိပေသည်။ လူသားတို့အဖို့ အကျိုးကျေးဇူးများလည်း ရှိသည်။**"** ﴿၅၇-၂၅﴾

ဖော်ပြပါ အာယသ်တော်သည် ရစူလ်တမန်တော်များကို ထင်ရှားစွာသော သက်သေလက္ခဏာများနှင့်တကွ စေလွှတ်ရခြင်း၏ အဓိကပင်မ ရည်ရွယ်ချက်ကို ဖော်ပြထားသည်။ ယင်းရည်ရွယ်ချက်မှာ လူတို့ကြားတွင် **﴿မျှတမှု﴾** ပြန့်ပွားရန် ဖြစ်သည်။ အစွယ်လာမ့်ရှ ထောင့်အရ ﴿မျှတမှု﴾ သည် အရာအားလုံးနှင့် သက်ဆိုင်ပေသည်။ ဆိုလိုသည်မှာ လူသားနှင့် မိမိဖန်ဆင်းရှင်ကြားတွင်လည်း ﴿မျှတမှု﴾

ရှိရမည်။ ထို့နောက် လူသားသည် မိမိကိုယ်မိမိနှင့်သော်လည်းကောင်း၊ အခြားသူများနှင့်သော်လည်းကောင်း၊ လောကရှိ အရာဝတ္ထုများနှင့်သော်လည်းကောင်း ဆက်နွယ်ချိတ်ဆက်သည့်အခါ ﴿မျှတမှု﴾ ရှိရပေမည်။ သို့ဖြစ်ပေရာ လူသား၏ လုပ်ရပ်တိုင်းသည် မျှတမှုရှိခြင်း၊ မရှိခြင်းဆိုသည့် အချက်နှစ်ချက်ဖြင့် ဒွန်တွဲနေပေသည်။ ထို့ကြောင့် ရှရီအသ်တရားတော်သည် ထိုညီမျှခြင်းကို ချိန်ညှိပေးရန် ﴿မျှတမှု﴾ကို ပြဋ္ဌာန်းထားပေသည်။ ဤအတွက်ကြောင့်ပင် လူသားကို ကိစ္စရပ်တိုင်းတွင် ﴿မျှတမှု﴾ကို ဆွဲမြဲစွာ ဆုပ်ကိုင်ထားရန် အမိန့်ပေသည်။ ထို﴿မျှတမှု﴾ခြင်း သဘောတရားသည် လူအများနားလည်သည့် လူတို့ကြားတွင် ဆုံးဖြတ်သည့်အခါ၌ပင် လိုအပ်သော အရာမဟုတ်ပေ။ သို့သာမကစားခြင်း၊ သောက်ခြင်း၊ အိပ်ခြင်း၊ အနားယူခြင်း၊ ဆင်ယင်ခြင်းတို့တွင်လည်း ﴿မျှတမှု﴾ သည် အလွန်ပင် အရေးကြီးပေသည်။

ဟဒီးစ်တော်တစ်ရပ်၌ ဤသို့လာရှိသည်။ **"အသင်တို့သည် ဖိနပ်တစ်ဖက်တည်းစီး၍ လမ်းလျှောက်ခြင်း မပြုကြလေနှင့်။ စီးလိုက နှစ်ဖက်လုံးကို စီး၍သွားပါ။ (သို့) နှစ်ဖက်လုံးကို ချွတ်၍ သွားပါ။"** ﴿ဗိုခါရီကျမ်း၊ ဟဒီးစ်နံပါတ်-၅၈၅၅﴾ လမ်းလျှောက်သည့်အခါမှာပင် ခြေထောက် နှစ်ဖက်ကြား ﴿မျှတမှု﴾ ရှိရန် တိုက်တွန်းထားပေသည်။

3 “ထိုအရှင်မြတ်သည်ပင် စာပေမတတ်သော သူတို့ထံ ၎င်းတို့အနက်မှပင် ရစူလ်တမန်တော်တစ်ပါးကို စေလွှတ်တော်မူခဲ့၏။ ထိုရစူလ်တမန်တော်သည် ၎င်းတို့ရှေ့ဝယ် ထိုအရှင်မြတ်၏ အာယသ်တော်များကို ဖတ်ကြားလေ၏။ ထို့ပြင် ၎င်းတို့အား စင်ကြယ်သန့်ရှင်းအောင်ပြုလုပ်ပေ၏။ ထိုမှတစ်ပါး ထိုသူတို့အား ကျမ်းဂန်ကိုလည်းကောင်း၊ ဉာဏ်ပညာကိုလည်းကောင်း၊ သင်ကြားပို့ချလေ၏။ စင်စစ်မှာမူကား ၎င်းတို့သည် ယခင်က ထင်ရှားစွာသော လမ်းမှားမှု၌ပင် ရှိနေခဲ့ကြကုန်၏။ ﴿၆၂-၂﴾

ဖော်ပြပါ အာယသ်တော်ရှိ လူတို့အား ဖတ်ကြားပြသ၍ သင်ကြားပို့ချခြင်းနှင့် ယင်းတို့ကို စင်ကြယ်သန့်ရှင်းအောင်ပြုပေးခြင်းသည် လူသားတို့၏ လောကီအကျိုးများပင်ဖြစ်သည်။ ထို့ပြင် ယင်းအချက်နှစ်ချက်သည် လူသားတို့ လျှောက်လှမ်းရာ ဘဝကမ္ဘာအသီးသီး၏ အကျိုးနှင့် ကောင်းခြင်းတရား အလုံးစုံကို ခြုံငုံထားပေသည်။ ယင်းအလိုသဘောဖြင့် ကိုယ်တော်မြတ်﴿ﷺ﴾က ဤသို့အမိန့်ရှိထားပေသည်။ “ငါကိုယ်တော်မြတ်သည် ကောင်းမွန်သော ကိုယ်ကျင့်တရားများကို ပြည့်ဝ အောင်ပြုပေးရန် စေလွှတ်ခံခဲ့ရသည်။” ﴿ဆွဟီဟွလ်ဂျာမေ့အ်ကျမ်း၊ ဟဒီးဆ်နံပါတ်-၂၈၃၃﴾

ဤသို့ပင် ရစူလ်စေတမန်များသည် လူသားတို့၏ လောကီနှင့် လောကုတ္တရာ နှစ်ဋ္ဌာနလုံးအတွက် လမ်းမှန်ပြသပေးရန် စေလွှတ်ခြင်း ခံခဲ့ရသည်။ ထို့ပြင် လူသားများကို ဆိုးကျိုးဖြစ်စေသည့် အရာများကို ဖယ်ရှားပေးရန်နှင့် ကောင်းကျိုးများကို ရယူထိန်းသိမ်းပေရန်အတွက်လည်း စေလွှတ်ခံခဲ့ရခြင်းဖြစ်သည်။ ဤသည် ရှရီအသ်တရားတော်၏ ခဝပ်ကိုးကွယ်ခြင်းဆိုင်ရာ ရည်ရွယ်ချက်နှင့် လုံးဝ ဆန့်ကျင်မှု မရှိပေ။ အဘယ့်ကြောင့်ဆိုသော် ရှရီအသ်၏အမိန့်တိုင်းတွင် လူသားတို့အတွက် အကျိုးများရှိသကဲ့သို့ ကောင်းခြင်းများရှိသည့်အရာတိုင်းတွင်လည်း ရှရီအသ်တရားတော်၏ အမိန့်များ ပတ်သက်မှု ရှိနေပေသည်။ ထို့ကြောင့် ခဝပ်ကိုးကွယ်ခြင်းနှင့် လူသားတို့ကောင်းကျိုးအတွက် ရည်ညွှန်းခြင်းတွင် လုံးဝဆန့်ကျင်မှု မရှိပေ။

အေဗာဒသ်ပြဋ္ဌာန်းခြင်းဆိုင်ရာ အကြောင်းအရင်းများ

အချို့သောသူများက အေဗာဒသ်ကဏ္ဍ၌ အဆင့်ဆင့်ပြဋ္ဌာန်းချက်များသည် အလွှာဟ်အရှင်မြတ်၏ အမိန့်ကိုနာခံခြင်း၊ အရှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်း၊ အာခေရသ်၏ အကျိုးစဝါးဗ်မျှော်ကိုးခြင်းမှအပ အခြားရည်ရွယ်ချက်များမရှိဟု ယုံကြည်ထားကြပေသည်။ သို့သာမက ပြဋ္ဌာန်းရခြင်း၏ အကြောင်းတရားများကို ခြုံငုံသောသဘောဖြင့်

လက်ခံသည့် ပညာရှင်များပင်မူ ခဝပ်ကိုးကွယ်ခြင်းကဏ္ဍ၌ ယင်းအချက် မရှိဟု ဆိုကြပေသည်။

ဤသည်များယွင်းသော အမြင်တစ်ခုပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော်.....

❶ ရစူလ်စေတမန်များကို စေလွှတ်ရခြင်းနှင့် အမိန့်ပြဋ္ဌာန်းခြင်း၏ အကြောင်းအရင်းများအခန်းတွင် ဖော်ပြခဲ့သော အာယသ်တော်များနှင့် ဟဒီးစ်တော်များသည် အေဗာဒသ်ကဏ္ဍ၊ အပေးအယူကဏ္ဍနှင့် ကိုယ်ကျင့်တရားကဏ္ဍတို့ကို တစ်ပြေးညီ ညွှန်းဆိုထားပေသည်။ ထို့ပြင် ယင်းအာယသ်တော်များ၌ လောကီနှင့် လောကုတ္တရာအကျိုးကိုလည်း တစ်ပြေးညီဖော်ပြထားပေသည်။ ရှရီအသ်၏ အမိန့်နာခံခြင်းကြောင့် လောကုတ္တရာ၌ အကျိုးရရှိသကဲ့သို့ လောကီ၌ ယင်း၏ အကျိုးကို စံစားရရှိမည်ဖြစ်သည်။ ထိုသို့ပင် လောကုတ္တရာ၌ အပြစ်ခံရမည့် ကျူးလွန်မှုသည်လည်း လောကီ၌ မုချဆိုးကျိုးဖြစ်စေသည့် အရာပင် ဖြစ်သည်။ ထို့ကြောင့် **"**အာခေရသ်၌ ကောင်းခြင်း၊ ဆိုးခြင်း ဖြစ်စေသည့် ကိစ္စရပ်များသည် ဒွန္ဒယာလောက၌ သက်ရောက်မှု မရှိ**"**ဟု ဆိုသူသည် ရှရီအသ်တရားတော်၏ ရည်ရွယ်ချက်များကို မုချမသိနားမလည်သူဖြစ်သည်။

❷ ခဝပ်ကိုးကွယ်ခြင်းဆိုင်ရာ အမိန့်များကိုပင် ကုရ်အာန်ကျမ်းတော်မြတ်၌ ဒွန္ဒယာ၊ အာခေရသ်၏ အကျိုးရလဒ်များဖြင့် အကြောင်းအရင်း

ပြုကာ ချိတ်ဆက်၍ ဖော်ပြထားပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အေဗာဒသ်များ၏ အဓိကပင်မဖြစ်သည့် နမားဇ်နှင့် ပတ်သက်၍ စတင် ဖော်ပြပါမည်။

နမားဇ်

"၎င်းအပြင်အသင်သည် 'ဆွလာတ်' ဝတ်ပြုမှုကို ဆောက်တည် ပါလော။ ဇကန်မလွဲ ဆွလာတ် ဝတ်ပြုမှုသည် အလွန် စက်ဆုပ်ဖွယ်ရာ သော အမှုကိစ္စများမှလည်းကောင်း၊ မဖွယ်မရာသော အမှုကိစ္စများမှ လည်းကောင်း၊ ပိတ်ပင်တားဆီးလေ၏။ စင်စစ် အလွှာဟ်အရှင်မြတ် အား အောက်မေ့ တ,သခြင်းသည် အကြီးကျယ်ဆုံး၊ (အမြင့်မြတ်ဆုံး) ပင်ဖြစ်ပေသည်။ စင်စစ် အလွှာဟ်အရှင်မြတ်သည် အသင်တို့ပြုမူသမျှ တို့ကို ကောင်းစွာသိရှိတော်မူပေသတည်း။ ﴿၂၉-၄၅﴾ ဖော်ပြပါ အာ ယသ်တော်တွင် နမားဇ်ကို ဖရဇ်တာဝန်အဖြစ်ပြဋ္ဌာန်းရာ၌ အဓိက အ ကျိုးကျေးဇူးကြီးနှစ်ခုဖြင့် ချိတ်ဆက်ကာ ဖော်ပြထားပေသည်။

နမားဇ်သည် စက်ဆုပ်ရွံ့ရှာဖွယ်ကောင်းသောအရာများနှင့် မဖွယ်မရာ ကိစ္စရပ်များမှ တားမြစ်ပေသည်။ ဤသည် တစ်ဦးတစ်ယောက်တိုင်းအ တွက်သော်လည်းကောင်း၊ ပတ်ဝန်းကျင်တစ်ခုလုံးအတွက်သော်လည်း

ကောင်း အကျိုးဖြစ်ထွန်းစေသည့် လောကီကောင်းကျိုးဖြစ်သည်။ ဤအကျိုးသည် လူသားတို့၏ စိတ်၊ ခန္ဓာ၊ အသိဉာဏ်နှင့် ဥစ္စာပစ္စည်းတို့ အပေါ် သက်ရောက်ပေသည်။ ထို့ပြင် လောကီနှင့် လောကုတ္တရာနှစ်ဌာနလုံး၏ အကျိုးစဝါးဗ်များလည်း ရရှိပေသည်။

နမားဇ်သည် အလ္လာဟ်အရှင်မြတ်ကို သတိရတသခြင်းဖြစ်သည်ဟု အာယသ်တော်တွင် ဖော်ပြထားသည်။ ဤသည် ပထမအချက်ထက် သာပို၍ ကြီးမြတ်ပေသည်။ ထို့ကြောင့်ပင် အခြားသော အာယသ်တစ်ခုတွင် ဤသို့ လာရှိပေသည်။ **"**အသင်သည် ငါအရှင်မြတ်အား သတိရခြင်းငှာ ဆွလာတ် ဝတ်ပြုမှုကို ဆောက်တည်ပါလေ။**"** ﴿၂၀-၁၄﴾

သို့သော် အချို့ပညာရှင်များက **"**အလ္လာဟ်အရှင်မြတ်ကို သတိရတ,သခြင်းအား**"** အာခေရသ်၏ အကျိုးအဖြစ်သာ ရေတွက်ကြသည်။ ထို့ကြောင့် ၎င်းသည် နမားဇ်၏ အဓိကကျသော ရည်ရွယ်ချက်တစ်ခုဖြစ်သည်ဟု ဆိုကြပေသည်။ စင်စစ်သော်ကား ဤသို့ မဟုတ်ပေ။ သို့သာမက အလ္လာဟ်အရှင်မြတ်ကို သတိရတ,သခြင်းသည် လောကီအကျိုးအနက်မှ အကြီးမားဆုံးသော အရာတစ်ခုပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် လူသားသည် မိမိ၏ ဘဝ၌ ပျော်ရွှင်မှု၊ အေးချမ်းမှု ကို ရှာဖွေသည်။

စိတ်ချမ်းသာမှုမရှိဘဲ ဘဝ၌ အေးချမ်းပျော်ရွှင်မှုကို ရရှိနိုင်ပါ့မလား။

လုံးဝ မရရှိနိုင်ပါ။ ထို့ပြင် စိတ်ချမ်းသာမှု၏ အမြင့်ဆုံးအဆင့်ကို အလွှာဟ်အရှင်မြတ်အား သတိရတ,သ သူများသာ ရရှိပေသည်။ ထိုသူတို့သာလျှင် အရှင်မြတ်ကို ပြည့်ပြည့်ဝဝယုံကြည်ပြီး အရှင်မြတ်၏ သတ်မှတ်ချက်များကို ကျေနပ်နှစ်သက်ကြပေသည်။ "အကြင်သူတို့သည် သက်ဝင်ယုံကြည်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့၏ စိတ်နှလုံးများသည် အလွှာဟ်အရှင်မြတ်အား အောက်မေ့ တ,သခြင်းဖြင့် ငြိမ်းအေးကြည်နူး၍သွားလေသည်။ ကောင်းစွာ မှတ်ယူကြလေကုန်၊ အလွှာဟ်အရှင်မြတ်အား အောက်မေ့တသခြင်းဖြင့် စိတ်နှလုံးများသည် ငြိမ်းအေးကြည်နူး၍ သွားသည်ချည်းသာတည်း။" ﴿၁၃-၂၈﴾ ထိုသို့သော စိတ်နှလုံးအေးချမ်းမှုသည် လူသား၏ အတွေးအမြင်၊ ကိုယ်ခန္ဓာ၊ စိတ်နေစိတ်ထားနှင့် အတွေးအခေါ်များတွင် သက်ရောက်မှုဖြစ်စေသည်။ ထိုသို့သက်ရောက်မှုမှပင် မကောင်းသောကိစ္စရပ်များနှင့် မဖွယ်မရာများကို လူသားက ရှောင်ကျဉ်လာခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ပထမအချက်သည် ဤဒုတိယအချက်၏ အခွဲဟုပင် ဆိုနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ဤဒုတိယအချက်၏ ရလဒ်ဖြင့် ပထမအချက် ဖြစ်ပေါ်လာခြင်းကြောင့်ဖြစ်သည်။

ဇကားသ်

ဇကားသ်တွင် လောကီအကျိုး၊ ကိုယ်ကျင့်တရားဆိုင်ရာ အကျိုးနှင့် ပတ်ဝန်းကျင်အတွက် အကျိုးဖြစ်ထွန်းမှုများခြင်းမှာ ယုံမှားသံသယဝင်ဖွယ်ရာမရှိပေ။ ဤအကျိုးကျေးဇူးများကို လူတန်းစားအစုံက ခံစားရပေသည်။ ထို့ကြောင့် ဤနေရာတွင် ဇကားသ်၏ အကျိုးကျေးဇူးအချို့ကိုသာ ဖော်ပြသွားမည်။

1 စေးနှဲခြင်းသည် လူသားအတွက် ရောဂါဆိုးတစ်ခုပင် ဖြစ်သည်။ ဤရောဂါစွဲကပ်သူသည် လောကကို ဖက်တွယ်၍ အာခေရသ်ကို ဥပေက္ခာပြုလာပေသည်။ ဇကားသ်ပေးခြင်းဖြင့် ထိုသို့သော ရောဂါများမှ ကင်းဝေးစေပြီး အလွှာဟ်အရှင်မြတ်လမ်းတော်၌ သုံးစွဲလိုစိတ်နှင့် ကောင်းမြတ်သော ကိုယ်ကျင့်သီလများကို ကျင့်ဆောင်မှုများ ဖြစ်တည်လာပေသည်။ ﴿အို- နဗီတမန်တော်၊ အသင်သည် ထိုသူတို့၏ ဥစ္စာပစ္စည်းများထဲမှ အလှူဝတ္ထုကို လက်ခံပါလေ။ ယင်းသို့ (အလှူလက်ခံလိုက်ခြင်း)အားဖြင့် အသင်သည် ထိုသူများအား စင်ကြယ်သန့်ရှင်းအပြစ်ကင်းစေနိုင်မည်။ ﴿၉-၁၀၃﴾

2 ဇကားသ်ပေးဆောင်ခြင်းဖြင့် သူဆင်းရဲကို ကူညီရာရောက်သကဲ့သို့ ထိုသူတို့ နှလုံးသားခွံ ဒါနရှင်များအား မနာလိုခြင်းနှင့် အမုန်းတရား ထားရှိခြင်းများကို လျော့ကျစေသည်။

3 ဇကားသ်ပေးဆောင်ခြင်းဖြင့် ပတ်ဝန်းကျင်ကို စည်းလုံးမှု ဖြစ်စေသည်။ အဘယ့်ကြောင့်ဆိုသော် ဤသည်တွင် အချင်းချင်းကြားခွံ စာနာထောက်ထားခြင်း၊ သနားကြင်နာခြင်း၏ ပုံရိပ်များ ရှိပေသည်။ ထို့ပြင် သူဆင်းရဲများ၏ အခက်အခဲများ၊ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့်အတွက်ကြောင့် မနာလိုမုန်းတီမှုများ ပပျောက်ကာ စည်းလုံးညီညွတ်သော လူပတ်ဝန်းကျင် အသိုင်းအဝိုင်းတစ်ခု ဖြစ်ပေါ်စေသည်။

ရိဇော

ရိဇော၏ အကျိုးများနှင့်ပတ်သက်၍ အာယသ်တော်များနှင့် ဟဒီးဆ်တော်များတွင် ဤသို့ လာရှိပေသည်။ ၎င်းတို့အနက်မှ အချို့ မှာ အောက်ပါအတိုင်းဖြစ်ပေသည်။

1 “အို-“မုအ်မင်န်” ယုံကြည်ခြင်းသဒ္ဓါတရားရှိကြကုန်သောသူ အပေါင်းတို့၊ အလ္လာဟ်အရှင်မြတ်သည် အသင်တို့ထက်အလျင်ရှိခဲ့ကြသော

သူတို့အပေါ်ဝယ် ဥပုသ်သီတင်းဆောက်တည်ရန် ပညတ်တော်ကို ပြဋ္ဌာန်းတော်မူသကဲ့သို့ပင် အသင်တို့အပေါ်၌လည်း ဥပုသ်သီတင်းဆောက်တည်ရန် အမိန့်တော်ကို ပြဋ္ဌာန်းအတည်ပြုတော်မူခဲ့လေပြီ။ သို့(ဥပသ်သီတင်းဆောက်တည်) မှသာလျှင် အသင်တို့သည် ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်သူများ ဖြစ်တန်ကြရာ၏။ ﴿၂-၁၈၃﴾

ဖော်ပြပါအာယသ်တော်၌ "သို့မှသာလျှင် အသင်တို့သည် ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်သူများဖြစ်တန်ကြရာ၏"ဆိုသည့်အချက်မှာ ရှိဇာအမိန့်ပြဋ္ဌာန်းရခြင်း၏ အဓိကအကြောင်းအရင်းဖြစ်သည်။ ထို့နောက် ရှရီအသ်တရားတော်အရ ရှောင်ကြဉ်တရားထားရှိခြင်းဆိုသည်မှာ အပြစ်များမှ ရှောင်ကြဉ်ခြင်းကို ဆိုလိုပေသည်။ သို့ဖြစ်ပေရာ ရှိဇာသည် အပြစ်များမှ ရှောင်ကြဉ်နိုင်ရန် အကြောင်းခံတစ်ခု ဖြစ်ပေသည်။ ဤသည် အပြစ်များဘက်သို့ တွန်းပို့ပေးသည့် ရမ္မက်များကို ချိုးနှိမ်ပေးသည်။ ထိုသို့ဖြင့် လူသားသည် ရုပ်ဝတ္ထုများအတွင်း နစ်မွန်းခြင်းမှ ထွက်၍ စိတ်ဝိဉာဉ်ဆိုင်ရာ မြင့်မားသော ကိုယ်ကျင့်တရားများဘက်သို့ တက်လှမ်းနိုင်မည် ဖြစ်သည်။

2 "ရှိဇာသည် ဒိုင်းအလားဖြစ်သည်။ အသင်တို့အနက်မှ တစ်ဦးတစ်ယောက်သည် ရှိဇာထားရှိပါက ညစ်ညမ်းသော စကားများပြောဆိုခြင်းနှင့် မိုက်မဲသော ကိစ္စရပ်များ လုပ်ဆောင်ခြင်း လုံးဝ မပြုရ။ အကယ်၍

တစ်ဦးတစ်ယောက်က ရန်ပြုခြင်း၊ ဆဲဆိုခြင်းပြုပါမူ “ကျွန်ုပ်သည် ရိဇာထားရှိသူ ဖြစ်သည်။ ကျွန်ုပ်သည် ရိဇာထားရှိသူဖြစ်သည်။” ဟု ပြောပါလေ။

ဖော်ပြပါ ဟဒီးစ်တော်တွင် ရိဇာ ပြဋ္ဌာန်းရခြင်း၏ အဓိကအကြောင်းအရင်းကို ဖော်ပြထားပေသည်။ ဤသည် အေမာမ်အဗူနုအာရှူးရ်၏ အဆိုအရ “မကောင်းသောအရာဟူသမျှကို ကာကွယ် တားမြစ်ပေးခြင်း” အားဆိုလိုပေသည်။ ထို့ပြင် ရိဇာ၏ များစွာသော အကျိုးကျေးဇူများမှာ လေ့လာစူးစမ်းချက်များအရ မွတ်စ်လင်မ်များနှင့် အခြားဘာသာဝင်များကြားတွင်ပါ သိရှိပြီး ဖြစ်ပေသည်။

ဟဂျ်

ဟဂျ်တွင် မရေမတွက်နိုင်သည့် လောကီနှင့် လောကုတ္တရာ အကျိုးကျေးဇူးများ ပါဝင်နေပေသည်။ အခြားသော ပညတ်များတွင် ပြန့်ကျဲပါဝင်နေ့သည့် အကျိုးကျေးဇူများသည် ဤကဏ္ဍတွင် တစ်စုတစ်စည်းတည်း ပါဝင်နေပေသည်။

- အေဗာဒသ်ရူထောင့်အရ နမား၆၊ ဇီကိရ်နှင့် ဒိုအာတို့သည် ဤကဏ္ဍတွင် အသီးသီး ပါဝင်သကဲ့သို့ ပုံစံမျိုးစုံဖြင့် သုံးစွဲခြင်းလည်း ပါဝင်ပေသည်။ ထို့ပြင် ခန္ဓာနှင့် ငွေကြေးအရပါ ကြိုးစားအားထုတ်မှုများနှင့် ရမ္မက်များကို ချိုးနှိမ်မှုများလည်း ပါဝင်ပေသည်။

လောကီအကျိုးရရှိခြင်း ရှုထောင့်အရ ဟဂျ်ကလ္လာတွင် အပြန်အလှန် ကူးသန်းရောင်းဝယ်ခွင့်၊ နိုင်ငံအချင်းချင်းကြား၌ သံတမန်ရေးရာ ဆက်ဆံသမှုပြုခြင်း၊ အတွေ့အကြုံ၊ ဗဟုသုတများ ဖလှယ်ခြင်းနှင့် အသိပညာများ တိုးပွားစေခြင်းတို့ ပါဝင်ပေသည်။ ဖော်ပြပါ အချက်အလက်များအားလုံးကို အောက်တွင် လာရှိမည့် အာယသ်တော်တွင် ခြုံငုံတင်ပြထားပေသည်။

"ငင်းပြင် အသင်သည် လူခပ်သိမ်းတို့အား (ထူးမြတ်လှစွာသော ယင်း အိမ်တော်သို့ လာရောက်ဖူးမြော်) ဟဂျ်ပြုကြရန် ကြေညာ (ဖိတ်ခေါ်) ပါလေ။ (ထိုအခါ) လူတို့သည် အလွန်ဝေးလံသော လမ်းခရီးတိုင်းမှ ခြေကျင်လည်းကောင်း၊ ကျုံလှိုပိန်ချုံးသော ကုလားအုတ် အသီးသီးပေါ်၌စီး နင်း၍လည်းကောင်း၊ အသင့်ထံသို့ လာရောက်ကြပေမည်။ မိမိတို့အဖို့ အကျိုးကျေးဇူးရှိရာများသို့ ရောက်ရှိကြအံ့သောငှာ ဖြစ်သည်။" ﴿၂၂-၂၇﴾

ဖော်ပြပါအာယသ်တော်တွင် "အကျိုးကျေးဇူးများ"ကို ကန့်သတ်မဲ့ အသုံးပြုထားပေသည်။ ဤသည် လောကီနှင့် လောကုတ္တရာ နှစ်ခုစလုံး၏ အကျိုးကျေးဇူးများ ပါဝင်ရန်အတွက် ဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ဟဂျ်၏ စုရုံးခြင်းတွင် လူသားတို့အတွက် များစွာသော အကျိုးကျေးဇူးများ ရရှိစေခြင်းကြောင့် ဖြစ်သည်။

ပင်မ အေဗာဒသ်ကြီးများနှင့်ပတ်သက်၍ အသေးစိတ် ပညတ်ချက်များ ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်များ။

ဖော်ပြပါ အကြောင်းအရာများသည် ပင်မအေဗာဒသ်ကြီးများ၏ ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ဖော်ပြထားခြင်းဖြစ်သည်။ သို့သော် ယင်းအေဗာဒသ်ကြီးများနှင့်ပတ်သက်သည့် အသေးစိတ်ပညတ်ချက်များကို အချိန်၊ နေရာ၊ ပုံစံနှင့် အတိုင်းအတာများဖြင့် ကန့်သက်၍ ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်များမှာ အလွန်ပင် များပြားလှပေသည်။ ထို့ပြင် ဤသည်နှင့်ပတ်သက်၍ တရားတော်တွင်လည်း အတိအလင်း ဖော်ပြချက်များ မရှိပေ။ ထို့ကြောင့် ဤစာအုပ်ငယ်တွင် အောက်ပါ အချက်အလက်အနည်းငယ်ကိုသာ တင်ပြပေမည်။

❖ အခြေခံဥပဒေများသည် လူတစ်ဦးတိုင်းသော်လည်းကောင်း၊ လူအများစုကိုသော်လည်းကောင်း သက်ရောက်မှု ရှိရပေသည်။ ထို့ကြောင့် အခြေခံဥပဒေများ၏ အသေးစိတ် အမိန့်ပညတ်များသည်လည်း အဆိုပါ အခြေခံဥပေဒေများ၏ ရည်ရွယ်ချက်အတိုင်းပင် လာရှိရမည် ဖြစ်သည်။

❖ တစ်ခါတစ်ရံ အသေးစိတ်အမိန့်ပညတ်ချက်များကို အဓိကထား ပြဋ္ဌာန်းရခြင်းမဟုတ်သော်လည်း ယင်းပညတ်များသည် အခြေခံဥပဒေများကို အကောင်အထည်ဖော်ရာ၌ လွယ်ကူမှုဖြစ်စေသည်။ အဘယ့်ကြောင့်ဆိုသော် အခြေခံဥပဒေများကို လိုက်နာဆောင်ရွက်ရာ၌ အသေး

စိတ်ပညတ်ချက်များသည် မရှိမဖြစ် အရေးကြီးပေသည်။ သို့သာမက လူတို့ပြဋ္ဌာန်းသည့် ဥပဒေများတွင်ပင် အချိန်၊ နေရာ၊ အတိုင်းအတာ အစရှိသော အသေးစိတ်အချက်အလက်များသည် မဖြစ်မနေ အရေးကြီးပေသည်။ ထို့ကြောင့် အသေးစိတ်အမိန့်ပညတ်ချက်များဖြင့်သာ လူသားတို့သည် အလ္လာဟ်အရှင်မြတ် ပြဋ္ဌာန်းထားသည့် အခြေခံဥပဒေများကို တစ်ပြေးညီလိုက်နာဆောင်ရွက်နိုင်မည် ဖြစ်သည်။

❖ ဖော်ပြပါ အချက်နှစ်ချက်အပြင် များစွာသော ဖေကာဟ်ပညာရှင်ကြီးများနှင့်၊ ကုရ်အာန်ဟဒီးစ်တွင် ပြောရေးဆိုခွင့်ရှိပညာရှင်ကြီးများသည် အသေးစိတ်အမိန့်ပညတ်ချက်များ ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်များကို လေ့လာစူးစမ်းကြပေသည်။ ဤသည် ယင်းပညာရှင်ကြီးများက အမိန့်ပညတ်တော်တိုင်း၏ နောက်ကွယ်တွင် ရည်ရွယ်ချက်များရှိသည်ဟူသော အချက်ကို အပြည့်အဝယုံကြည်ထားသည့်အတွက်ကြောင့် ဖြစ်သည်။ အောက်တွင် ရှရီအသ် ပြဋ္ဌာန်းခြင်း၏ ရည်ရွယ်ချက်များဆိုင်ရာ အချို့ပမာများကို တင်ပြပါမည်။

❁ အေမာမ်ရေဟာဘွဒ်ဒီးန်အလ်ကရာဖီ﴿رحمه الله﴾က မိမိ၏ ﴿الذخيرة﴾ ကျမ်းတွင် သယမ်မွန်နှင့်ပတ်သက်၍ ဤသို့ အမိန့်ရှိထားပေသည်။ "ဤအမိန့်သည် အလ္လာဟ်အရှင်မြတ်ဘက်တော်မှ ကျွန်ုပ်တို့ အမွှမ်အတွက် သီးသန့် ကျေးဇူးပြုထားသော ပညတ်တော်ဖြစ်ပေသည်။ ထို့နောက် ဤအမွှမ်၏ အေဗာဒသ်တွင် လူသား၏ စတင်ဖြစ်တည်ရာ မြေကြီးနှင့်

ဆက်လက်ရှင်သန်ကျန်ရှိရန် အရေးကြီးသည့် ရေတို့ကို စုစည်းထားပေသည်။ သို့ဖြစ်ပေရာ ဤအေဗာဒသ်သည် အမြဲရှင်သန်ခြင်းနှင့် စဉ်ဆက်မပြတ် စိတ်ချမ်းသာပျော်ရွှင်ခြင်းအတွက် အဓိက အကြောင်းအရင်းဖြစ်ကြောင်း အလ္လာဟ်အရှင်မြတ်ဘက်တော်မှ အသိပေးခြင်းဖြစ်ပေသည်။"

ထို့နောက် နမာဇ်ကို သတ်မှတ်ချိန်ဖြင့် ဝတ်ပြုရန် အမိန့်ပေးရခြင်းတွင်လည်း များစွာအကျိုးကျေးဇူးများ ရှိပေသည်။ ဤသည်နှင့် ပတ်သက်၍ ပညာရှင်များအမိန့်ရှိသည်မှာ.."ကျွန်ုပ်တို့သည် အလ္လာဟ် အရှင်မြတ်၏ အမိန့်တော်များကို လေ့လာစူးစမ်းကြည့်ခဲ့ရာ အရှင်မြတ်၏ အမိန့်တော်တိုင်းတွင် အဆိုးရှောင်၊ အကျိုးဆောင်ခြင်း ဟူသော အချက်ကို တွေ့ရှိရပေသည်။ ဤအတိုင်းပင် ဟဇရသ်အဗ္ဗဒွလ္လာဟ် ဗင်နအဗ္ဗာစ်(ရ)က အမိန့်ရှိသည်မှာ "အသင်သည် အလ္လာဟ် အရှင်မြတ်၏ ဖိတ်ခေါ်မှုကို ကြားပါက ခေါင်းမော့ကြည့်ပါ။ မုချ ထိုအသံ က အသင့်ကို ကောင်းခြင်းဘက်သို့ ဖိတ်ခေါ်နေပေလိမ့်မည်။ သို့မဟုတ် ပါက မကောင်းမှုမှ ရှောင်ရှားရန် ဖိတ်ခေါ်နေပေလိမ်မည်။"ဟု ဖြစ်သည်။

ရှရီအသ်၏ အကျိုးကျေးဇူးများနှင့်ပတ်သက်၍ မြင်သာသည့် ပမာတစ်ခုကို တင်ပြပါမည်။ "ဘုရင်တစ်ပါးသည် အမြဲတမ်း ပညာရှင်များကို ဂုဏ်ပေး၍ မိုက်မဲသူများနှင့် ပညာမဲ့များကို လုံးဝ ရှိသေစွာ

ဆက် ဆံလေ့မရှိပါ။ ထို့နောက် ယင်းဘုရင်သည် သူစိမ်းတစ်ယောက်ကို ဂုဏ်ပေး၍ ဆက်ဆံနေသည်ကို တွေ့ရှိရပါက ထိုပုဂ္ဂိုလ်သည် ပညာရှင်ဖြစ်ကြောင်း ယေဘုယျအားဖြင့် ဆိုနိုင်ပေသည်။ ဤအတိုင်းပင် ဖေကာဟ် ပညာရှင်များမှည့်ခေါ်ကြသည့် ခဝပ်ကိုးကွယ်ခြင်းအခန်း၏ အချို့ကဏ္ဍများ၌ အကျိုးကျေးဇူးများကို ကျွန်ုပ်တို့မသိရှိသော်ငြားလည်း ယင်းပညတ်များတွင် အကျိုးကျေးဇူးများသည် ယေဘုယျအားဖြင့် တည်ရှိနေပေသည်။

အခန်း(၄) ဒိုအာ အေဗာဒသ်ဖြစ်ခြင်းနှင့် ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်။
❶ အမိန့်နာခံမှုဥ္ဇ အထောက်အကူဖြစ်စေခြင်း။
❷ အပြစ်များကို ရှောင်ကျဉ်မှု ဖြစ်စေခြင်း။
❸ ဘေးဒုက္ခများမှ ကင်းဝေးစေခြင်း။
❹ အစွလာမ်ညီနောင်စိတ် ခိုင်မာစေခြင်း။
❺ အခ်မလ်များအတွက် ခွန်အားဖြစ်စေခြင်း။

အခန်း(၄) ဒိုအာ အေဗာဒသ်ဖြစ်ခြင်းနှင့် ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်။

ဒိုအာ**﴿ဆုမွန်တောင်းခံခြင်း﴾**သည် ဘာသာတရားတွင် အကြီးမားဆုံးသော ခဝပ်ကိုးကွယ်မှု တစ်ခုပင် ဖြစ်သည်။ ဤသည် ခဝပ်ကိုးကွယ်ခြင်း ကဏ္ဍတွင် အကွဲအလွဲမရှိ တာဝန်တစ်ရပ်ပင်ဖြစ်သည်။ ထို့ပြင် ယင်းအခန်းကဏ္ဍသည် အခြားအခြားသော အေဗာဒသ်များတွင်လည်း ပါဝင်နေပေသည်။ ထို့နောက် ကိုယ်တော်မြတ်﴿ﷺ﴾က ဤသို့ အတိအလင်းမိန့်တော်မူထားပေသည်။ **"**ဧကန်မုချ ဒိုအာသည် အေဗာဒသ်ဖြစ်ပေသည်**"** ﴿အဗူဒါဝူးဒ်ကျမ်း၊ ဟဒီးဆ်နံပါတ်-၁၄၇၉﴾

ဒိုအာ၏ အဓိကရည်ရွယ်ချက်မှာ "လူသားက မိမိကိုယ်မိမိ ကျေးကျွန်ဖြစ်ကြောင်း ထုတ်ဖော်ပြသခြင်းပင် ဖြစ်သည်။ ထို့ကြောင့်ပင် အေဗာဒသ်ကဏ္ဍအစုံတွင် ဒိုအာ၏ အခန်းကဏ္ဍသည် ပါဝင်နေပေသည်။ သို့သာမက ယင်းကဏ္ဍသည် ရိကျိုးမှုနှင့်တကွ မရှိမဖြစ်ပါဝင်ရန်လည်း အရေးကြီးပေသည်။ သို့ဖြစ်ပေရာ ကိုယ်တော်မြတ်﴿ﷺ﴾ တောင်းဆုချွေခဲ့သော ဒိုအာများတွင် အလွှာဟ်အရှင်မြတ်ကို ရိကျိုးသော စကားရပ်တော်များ များစွာပါဝင်ပေသည်။

➢ အိုဲ၊ အလ္လာဟ်အရှင်မြတ်။ အသင်အရှင်မြတ်သည် ကျွန်တော်မျိုးအား မွေးမြူဖန်ဆင်းတော်မူသော အရှင်မြတ်ဖြစ်ပါသည်။ အသင်အရှင်မြတ်မှအပ ခဝပ်ကိုးကွယ်ရာဟူ၍ အလျှင်းမရှိပေ။ အသင်အရှင်မြတ်သည် ကျွန်တော်မျိုးကို ဖန်ဆင်းတော်မူခဲ့လေသည်။ ထို့နောက် ကျွန်ုပ်သည် အရှင်မြတ်၏ ကျေးကျွန်သာလျှင် ဖြစ်တော်မူပေသည်။ ...﴿ဗိုခါရီ ကျမ်း၊ ဟဒီးဆ်နံပါတ်-၆၃၂၃﴾

➢ အိုး-နှလုံးများသားကို လှည့်ပေးနိုင်တော်မူသောအရှင်၊ ကျွန်တော်မျိုး၏ နှလုံးသားကို အသင်အရှင်မြတ်၏ သာသနာပေါ်၌ တည်မြဲစေတော်မူပါ။ ﴿သိရ်မိဇီကျမ်း၊ ဟဒီးဆ်နံပါတ်-၂၁၄၀﴾

➢ အသင်တို့သည် ﴿يَاذَا الْجَلَالِ وَالْإِكْرَامِ﴾ ဒိုအာကို ဆွဲမြဲစွာတောင်းဆိုကြလေကုန်။ ﴿ဆွဟီဟွလ်ဂျာမေ့အ်ကျမ်း၊ ဟဒီးဆ်နံပါတ်-၁၂၅၀﴾

💎 ဒိုအာ၏ အကြီးမားဆုံးသော ရည်ရွယ်ချက်မှာ လိုအပ်ချက်များကို ဖြည့်ဆည်းခြင်းနှင့် ကောင်းခြင်းများကို တောင်းခံခြင်း၊ မကောင်းသော အရာများကို ဖယ်ရှားခြင်းပင် ဖြစ်သည်။ ဤအချက်ကို အောက်ဖော်ပြပါ အာယသ်တော်များနှင့် ဟဒီးစ်တော်များတွင် ညွှန်းဆိုထားပေသည်။

❖ “(ဤရုပ်တုများ မြင့်မြတ်သလော)။ သို့တည်းမဟုတ် အကြင်အရှင်မြတ်ပင် (မြင့်မြတ်တော်မူပါသလော။) ထိုအရှင်မြတ်သည် မိမိအား မလွဲမရှောင်သာသောသူ (ဒုက္ခသည်)က ဟစ်ခေါ် (တမ်းတ)လေသော

အခါ ၎င်းအားပြန်၍ ထူးတော်မူ၏။ ၎င်းပြင် ထိုအရှင်မြတ်သည် ဘေးဒုက္ခကိုလည်း ဖယ်ရှားတော်မူ၏။” ﴿၂၈-၆၂﴾

❖ အို- ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့ကို ဤပစ္စုပ္ပန်ဘဝ၌လည်းကောင်း၊ နောင်တမလွန်ဘဝ၌လည်းကောင်း၊ (နှစ်ဘဝလုံး၌ပင်) ကောင်းကျိုးချမ်းသာမင်္ဂလာများကို ပေးသနားတော်မူပါ။ ﴿၂-၂၀၁﴾

ဟဇရသ်အဗူဟုရိုင်ရာဟ်(ﷺ)၏ ဆင့်ပြန်ချက်အတိုင်း အောက်ဖော်ပြပါ ဟဒီးစ်တော်များတွင်လည်း များစွာ လာရှိပေသည်။

❖ ကိုယ်တော်မြတ်(ﷺ)က ဤသို့ အမြဲတောင်းလေ့ရှိသည်။ “ ကိစ္စရပ်အဝဝကို ထိန်းသိမ်းပေးသော ကျွန်တော်မျိုး၏ သာသနာကို တည့်မတ်ပေးသနားတော်မူပါ။ ထို့နောက် ကျွန်တော်မျိုး၏ ရှင်သန်ရာဖြစ်သည့် လောကီကိစ္စရပ်အဝဝကိုလည်း မှန်ကန်အောင် ပြုပေးသနားတော်မူပါ။ ﴿မွတ်စ်လင်မ်ကျမ်း-၂၇၂၀﴾

❖ ဟဇရသ်သွာရိက်ဗင်နအုရှိုင်း(ﷺ)က ဤသို့ ဆင့်ပြန်သည်။ ကိုယ်တော်မြတ်(ﷺ)က တစ်ဦးတစ်ယောက် အစ္စလာမ်လက်ခံပါမူ ထိုသူ့ကို နမာဇ်သင်ကြားပေး၍ အောက်ပါ ဒိုအာများကို တောင်းရန် ညွှန်ကြားသည်။ “အို-အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးကို သနားကြင်နာတော်မူပါ။ အပြစ်များကို လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူပါ။ ထို့နောက် ကျွန်တော်မျိုးကို လမ်းမှန်ပြ၍ ငြိမ်းချမ်းမှုကို ချီးမြှင့်တော်မူ

ပါ။ ထို့ပြင် ရှီဇီရိက္ခာများကိုလည်း ချီးမြှင့်တော်မူပါ။” ﴿မွတ်စ်လင်မ် ကျမ်း-၂၆၇၉﴾

ဘဝလျှောက်လှမ်းခြင်းဆိုင်ရာ အရည်အချင်းတည်ဆောက်ခြင်းနှင့် ပတ်သက်သည့်ဒိုအာ၏ ရည်ရွယ်ချက်များ။

အစ္စလာမ်သာသနာတော်တွင် ဒိုအာသည် ဘဝလျှောက်လှမ်းခြင်းဆိုင်ရာ အရည်အချင်းတည်ဆောက်မှုဌ အလွန်ပင် အရေးပါလှပေသည်။ ဤသည်နှင့်ပတ်သက်၍ ပြုစုပျိုးထောင်ခြင်းဆိုင်ရာ ပညာရှင်များနှင့် မိဘများက အသီးအပွင့်များကို လက်တွေ့ ခံစားနေရပေသည်။ သို့သာမက လူတို့သည် ဒိုအာ၏ အရေးကြီးပုံနှင့် ရည်မှန်းချက်ပန်းတိုင်များကို ဂဃနဏ သိရှိပါက ယင်းအေဇာဒသ်ကို သာပို၍ အလေးထားကာ ဆောင်ရွက်ကြပေမည်။ သို့ဖြစ်ပေရာ အောက်တွင် ဒိုအာ၏ အကျိုးကျေးဇူး အချို့ကို တင်ပြပါမည်။

1. • အမိန့်နာခံမှုဌ အထောက်အကူဖြစ်စေခြင်း။

ဒိုအာသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို နာခံရာတွင် အလွန်ပင် အထောက်အကူ ဖြစ်စေသည်။ ဤသည်နှင့်ပတ်သက်ပြီး اَلْإِمَامُ أَبُوْ بَكْرٍ الطَّرْطُوْشِيُّ က အောက်ဖော်ပြပါအတိုင်း တင်ပြထားပေသည်။ “ဒိုအာတွင် မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်ကို နှလုံးသားအတွင်းမှ ဂုဏ်ပေးလေးစားမှုဖြစ်စေသည်။ သို့သာမက

အရှင်မြတ်အမိန့်တော်များကို နာခံမှုနှင့် အရှင်မြတ် မြစ်တားထားသည်တို့ကို ရှောင်ကျဉ်မှုလည်း ဖြစ်စေသည်။ အဘယ့်ကြောင့်ဆိုသော် စိတ်ရောကိုယ်ပါ အလွှာဟ်အရှင်မြတ်ကို ဒိုအာပြုသူသည် မုချ ထိုအရှင်မြတ်၏ အမိန့်များကို နာခံ၍ တားမြစ်ထားသည်များကို ရှောင်ကျဉ်မည်သာဖြစ်သည်။ ဤသည် သက်သေသာဓကမလိုသည့် အလွန်ပင် ထင်းရှားလှသော ကိစ္စရပ်တစ်ခုပင်ဖြစ်သည်။ ထို့ပြင် အချို့သော ဒိုအာများ၏ အဓိပ္ပာယ်ကလည်း ဤအချက်ကို မီးမောင်းထိုးပြနေပေသည်။

❑ စိုင်ယိဒွလ်အစ်သိဂ်ဖာရ်တွင် ဤသို့လာရှိသည်။ “ကျွန်တော်မျိုးသည် အလွှာဟ်အရှင်မြတ်၏ ကတိကဝတ်တော်အတိုင်း တက်စွမ်းနိုင်သမျှ စောင့်ထိန်းပါမည်။ ထို့ပြင် ကျွန်တော်မျိုးသည် မကောင်းသောကိစ္စရပ်များကို လုပ်ဆောင်ခြင်းမှ အရှင်မြတ်ထံ ခိုလှုံခွင့်တောင်းခံပါသည်။” ﴿ဗိုခါရီကျမ်း၊ ဟဒီးဆ်နံပါတ်-၆၃၂၃﴾

❑ ကိုယ်တော်မြတ်ﷺကာ ဟဇရသ်မိုအားဇ်ﷺကို ဤသို့ မှာတမ်းလေသည်။ “အို-မိုအားဇ်၊ အသင်သည် နမားဇ်ပြီးတိုင်းတွင် အောက်ပါဒိုအာဖတ်ခြင်းကို မစွန့်လွှတ်လေနှင့်။ “အို-အလွှာဟ်အရှင်မြတ်၊ အရှင်မြတ်ကို ကောင်းစွာအေဗာဒသ်ပြုခြင်း၊ ကျေးဇူးသိတတ်ခြင်းနှင့် သတိရတသခြင်းအပေါ် အကူအညီပြုပေးသနားတော်မူပါ။” ﴿ရီယာဒွတ်ဆွာလီဟီးန်ကျမ်း၊ ဟဒီးဆ်နံပါတ်-၄၅၅﴾

❑ ကိုယ်တော်မြတ်ﷺသည် ကျွန်ုပ်တို့အား ဤသို့ တောင်းဆုချွေရန် သင်ကြားပေလေသည်။ “အို၊ နှလုံးသားများကို လှည့်ပေးနိုင်တော်မူသောအရှင်... ကျွန်တော်မျိုးတို့၏ နှလုံးသားများကို အရှင်မြတ်၏ အမိန့်နာခံခြင်းဘက်သို့ လှည့်ပေးသနားတော်မူပါ။” (မွတ်စ်လင်မ်ကျမ်း-၂၆၅၄)

❷ • အပြစ်များကို ရှောင်ကျဉ်မှု ဖြစ်စေခြင်း။

များစွာသောသူတို့သည် အလ္လာဟ်အရှင်မြတ်ထံသို့ တောင်းဆိုကြသောအခါတွင် လက်များမြှောက်၍ အာရုံများကိုပါ ကောင်းကင်ရံဘက်သို့ထားကာ မိမိတို့လိုအပ်သည်များကို တောင်းဆုချွေပြီး ဒုက္ခများမှကင်းရန် ဆုပန်ကြပေသည်။ သို့သော် ၎င်းတို့၏ အတွေးအာရုံများသည် မိမိတို့၏ အဓိကတာဝန်များနှင့်ပတ်သက်၍ မေ့လျော့နေကြပေသည်။ ထို့ကြောင့်ပင် ဟဒီးစ်တော်များတွင် လာရှိသော ဒိုအာများ၌ လူသားတို့၏ အဓိက ဂရုပြုရမည့် အချက်များကို အောက်ပါအတိုင်းဖော်ပြထားပေသည်။ ဟဇရသ် ရှက်လ်ဗင်နဟိုမိုက်ﷺက ကိုယ်တော်မြတ်ﷺကို ဤသို့ လျှောက်ထားပေသည်။ “အို..ကိုယ်တော်၊ ကျွန်တော်မျိုး တောင်းဆုချွေရန် ဒိုအာသင်ပေးတော်မူပါ။ ထိုအခါ ကိုယ်တော်မြတ်ﷺက ‘အသင် ဤသို့ ဒိုအာပြုပါလေ’ဟု မိန့်ချွေပေသည်။ **“**အို အလ္လာဟ်အရှင်၊ ကျွန်တော်မျိုးသည် မကောင်းသောနားထောင်ခြင်း၊

မကောင်းသောအရှု၊ မကောင်းသောစကားဆိုခြင်း၊ မကောင်းသော ယုံကြည်ချက်များထားရှိခြင်း၊ ဇနာမှုကျူးလွန်ခြင်းများမှ အရှင်မြတ်ထံ ခိုလှုံပါ၏" ﴿သိရ်မိဇီကျမ်း၊ ဟဒီးဆ်နံပါတ်-၃၄၂၂﴾

ဖော်ပြပါ ဒိုအာတွင် ကျွန်ုပ်တို့အဓိကထား ရှောင်ကျဉ်ရမည့် အပြစ်များသည် ကျွန်ုပ်တို့ ကိုယ်ခန္ဓာမှပင် ဖြစ်တည်လာခြင်းကို ဖော်ပြထားပေသည်။ ထိုမှတဆင့် ကျွန်တော်တို့သည် မိမိတို့လုပ်ရပ်များကို စမ်းစစ်ကာ ထမ်းဆောင်ရမည့် အဓိကဝတ္တရားများကို သိနားလည်ပြီး အပြစ်များမှ ရှောင်ကျဉ်နိုင်မည် ဖြစ်သည်။

❸ • ပတ်ဝန်းကျင်ကို အဆိပ်အတောက်ဖြစ်စေသည့် အရာများကို ရှုံ့ရှာမုန်းတီးစေခြင်း။

ဤကဏ္ဍသည် ဖော်ပြပါ ကဏ္ဍ၏ အခွဲပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ကိုယ်တော်မြတ်﴿ﷺ﴾သင်ကြားပို့ချပေးသည့် ဒိုအာများတွင် လူတို့ကျူးလွန်လေ့ရှိသော ပတ်ဝန်းကျင်ကို အဆိပ်အတောက်ဖြစ်စေသည့် ကိုယ်ကျင့်တရားများကို ရှုံ့ရှာမုန်းတီးရန် လမ်းညွှန်ထားပေသည်။ ဤသည်နှင့်ပတ်သက်၍ ဟဇရသ်အနတ်စ်﴿ﷺ﴾သခင်က ဤသို့ ဆင့်ပြန်ထားပေသည်။ "ကျွန်တော်သည် ကိုယ်တော်မြတ် ﴿ﷺ﴾ကို ဝတ်ကြီးဝတ်ငယ်ပြုစဉ်၌ ကိုယ်တော်သခင်က အောက်ပါဒိုအာ ကို မြားမြောင်စွာဖတ်ရွတ်သည်ကို ကြားသိခဲ့ရသည်။ " ဝမ်းနည်းပူဆွေး သောကရောက်ရခြင်း၊ မစွမ်းနိုင်ခြင်း၊ ပျင်းရိခြင်း၊ သူရဲဘောကြောင်ခြင်း၊

စေးနဲ့တွန့်တိုခြင်း၊ အကြွေးဝန်ပိခြင်း၊ အခြားအမျိုးသားများ၏ လွှမ်းမိုးခံရခြင်းမှ အရှင်မြတ်ထံ ကျွန်တော်မျိုး ခိုလှုံပါ၏။" ﴿မွတ်စ် လင်မ်ကျမ်း၊ ဟဒီးဆ်နံပါတ်-၂၇၂၂﴾

ဖော်ပြပါ အတွင်းရောဂါများသည် လူ့အဖွဲ့အစည်းတိုးတက်ပြောင်းလဲရေးအတွက် အဆိပ်အတောက်များပင် ဖြစ်သည်။ ထို့ကြောင့်ပင် ကိုယ်တော်မြတ်﴿ﷺ﴾သည် ဖော်ပြပါ ဒုိအာဆေးကို အွမ္မသ်အား သင်းကြားပို့ချပေးခဲ့ခြင်း ဖြစ်သည်။ ထို့နောက် မိမိကိုယ်တိုင်လည်း ဤဒုိအာများကို မြားမြောင်စွာ ဖတ်ရွတ်ပြသခဲ့သည်။ ဤရောဂါများနှင့် အကင်းစင်ဆုံးကိုယ်တော်သခင်ပင် ယင်းဒုိအာများကို ဖတ်ရွတ်ပါမူ ကျွန်ုပ်တို့ဆိုလျှင် သာပို၍ ဤဆေးကို မှီဝဲရပါမည်။ ထို့ပြင် ယင်းဒုိအာများကို အဓိပ္ပာယ်နားလည်ခြင်းနှင့်တကွ စွဲမြဲစွာ ဖတ်ရွတ်ပါမူ ထိုသူ၏ စိတ်အတွင်းဝယ် ၎င်းရောဂါဆိုးများကို စက်ဆုပ်ရွံရှာစိတ်များ ဖြစ်တည်လာပေမည်။ ထိုမှတဆင့် ယင်းရောဂါဆိုးများကို လုံးဝဥဿုံ ရှောင်ရှားရမည်သာ ဖြစ်သည်။

4 • အစွဲလာမ်ညီနောင်ချစ်စိတ် ခိုင်မာစေခြင်း။

ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်တွင် လာရှိသော ဒုိအာများတွင် အစွဲလာမ့်ညီနောင်ချစ်စိတ်များကို ခိုင်မာစေသည့် အချက်များပါဝင်ပေသည်။ ထို့ကြောင့် ယင်းဒုိအာများကို စွဲမြဲစွာတောင်းဆုခွေ

ခြင်းဖြင့် မွတ်စ်လင်မ်များကြားခဲ့ အချင်းချင်းကူညီရိုင်းပင်းမှု၊ သနားကြင်နာမှုနှင့် ကရုဏာတရားထားရှိခြင်းဆိုင်ရာ ခံစားချက်များကို ဖြစ်ပေါ်စေသည်။ ဤသည်နှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များတွင်လည်း အောက်ပါအတိုင်းလာရှိပေသည်။

❖ ထိုမှတပါး ၎င်းတို့နောက် လာကြသောသူတို့နှင့်လည်း သက်ဆိုင်၏။ ထိုသူတို့သည် (ဤသို့) ပန်ကြားကြကုန်၏။ 'အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အားလည်းကောင်း၊ 'အီမာန်'သက်ဝင်ယုံကြည်မှုတွင် ကျွန်တော်မျိုးထက် ဦးခဲ့ကြသော ကျွန်တော်မျိုးတို့၏ နောင်တော်တို့အားလည်းကောင်း၊ ခွင့်လွှတ်ချမ်းသာပေးသနားတော်မူပါ။ ထိုမှတပါး အရှင်မြတ်သည် ကျွန်တော်မျိုးတို့၏ စိတ်တွင်းဝယ် 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့နှင့်ပတ်သက်၍ ရန်ညိုးတစ်စုံတစ်ရာမျှကိုပင် ဖြစ်ပေါ်စေတော်မမူပါနှင့်။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ မလွဲဧကန် အရှင်မြတ်သည် လွန်စွာ သိမ်မွေ့တော်မူသောအရှင်၊ လွန်စွာကရုဏာပြုတော်မူသောအရှင်၊ ဖြစ်တော်မူပါသတည်း။ ﴿၅၉-၁၀﴾ ထို့နောက် စူရဟ်ဖာသေဟာတွင်ပါရှိသော ကျွန်ုပ်တို့ နေ့ညဉ့ ဖတ်ရွတ်နေသည့် "အို-အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးတို့အား အစစအရာရာတွင် ဖြောင့်မတ်မှန်ကန်သော (မဇ္ဈိမပဋိပဒါ) ဥဒုမဂ္ဂလမ်းစဉ်ကို ညွှန်ကြားပြသတော်မူပါ"ဒုိအာပင်လျှင် မွတ်စ်လင်မ်အချင်းချင်းယှဉ် တွဲကာ

လမ်းမှန်ကို ဆုပ်ကိုင်လျှက် ဘဝကို လျှောက်လှမ်းရန် ဖော်ပြ ထားပေသည်။

❖ မွတ်စ်လင်မ်တစ်ဦးတိုင်းသည် နေ့စဉ် နမားဇ်ဝတ်ပြုသည့်အခါ သရှဟ်ဒ်၌ ဤသို့တောင်းဆုချွေကြပေသည်။ "အလ္လာဟ်အရှင်မြတ်ဘက်တော်မှ ငြိမ်းချမ်းသာယာမှုအပေါင်းသည် ကျွန်တော်တို့နှင့် အရှင်မြတ်၏ မွန်မြတ်သော ကျေးကျွန်များအပေါ်၌ ကျရောက်ပါစေ"။ သို့ဖြစ်ပေရာ မွတ်စ်လင်မ်တစ်ဦးတိုင်းသည် အခြားမွတ်စ်လင်မ်အတွက် အေးချမ်းသာယာမှုရရှိရန် နေ့စဉ်တောင်းဆု ပြုလေသည်။ ဤသည်နှင့်ပတ်သက်၍ အေမာမ်သကီယွဒ်ဒီးန်ဆွဘ်ကီက မိမိဖခင်ဖြစ်သူ အလီဗင်န်အဗွဒွလ်ကာဖီထံပါးမှ ပြောင်မြောက်လှသော ကောက်နုတ်ချက်ကို အောက်ပါအတိုင်းဖော်ပြထားပေသည်။ "နမားဇ်ငါးကြိမ်လုံးတွင် ကျွန်တော်နှင့် မွတ်စ်လင်မ်တိုင်းထံမှာ အခြားမွတ်စ်လင်မ်တစ်ဦး၏ ရုပိုင်ခွင့် ရှိပေသည်။ မွတ်စ်လင်မ်တစ်ဦးသည် နမားဇ်တစ်ကြိမ်ကြိမ်ကို ပေါ့လျော့ခဲ့ပါမူ ယင်းပေါ့လျော့ခြင်းသည် အခြားမွတ်စ်လင်မ်တစ်ပါး၏ ရုပိုင်ခွင့်ကို ဖျက်စီးပစ်ခြင်းပင် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် နမားဇ်ဝတ်ပြုသူသည် "အလ္လာဟ်အရှင်မြတ်ဘက်တော်မှ ငြိမ်းချမ်းသာယာမှုအပေါင်းသည် ကျွန်တော်တို့နှင့် အရှင်မြတ်၏ မွန်မြတ်သော ကျေးကျွန်များအပေါ်၌ ကျရောက်ပါစေ"ဟူ၍ သရှဟ်ဒ်၌ တောင်းခံရသည်။ ထို့နောက် ကိုယ်တော်မြတ်(ﷺ)ကလည်း ဤသို့အမိန့်ရှိထားပေသည်။ "နမားဇ်ဝတ်ပြုသူတောင်းသော ဤဒိုအာတွင် မိုးကောင်းကင်နှင့် မြေပထဝီပြင်

ရှိ မွန်မြတ်သောသူအားလုံး အကျုံးဝင်၍ ငြိမ်းချမ်းသာယာမှုများရရှိ ပေမည်။” ﴿မုအီဒွလ်နိအမ်ဝမုဗီဒွလ်နိကမ်ကျမ်း၊ စာမျက်နှာ- ၁၄၉၊၁၅၉﴾ သို့ပါ၍ နမားဇ်တစ်ကြိမ်ကြိမ်ကို ပေါ့လျော့ခြင်းသည် အခြားမွတ်စ်လင်မ်များရပိုင်ခွင့်ရှိသည့် အခွင့်အရေးကို ဖျက်စီးပစ်ခြင်းပင် ဖြစ်သည်။ ဤသို့ အပြန်အလှန် ဒိုအာပြုခြင်းဖြင့် အလ္လာဟ်အရှင်မြတ်သည် အချင်းချင်းကြား၌ ညီနောင် ချစ်စိတ်ကို ခိုင်မာစေသည်။

5 • အဆ်မလ်များအတွက် ခွန်အားဖြစ်စေခြင်း။

များစွာသော သူများက ဒိုအာကိုပြုခြင်းဖြင့် အဆ်မလ်ပြုရန်မလိုအပ်ဟု ထင်မြင်ကြသည်။ ဤသည် အလွန်ပင် မှားယွင်းသော အတွေးအခေါ်တစ်ခု ဖြစ်သည်။ မှန်ကန်စွာ ဒိုအာပြုခြင်းလမ်းစဉ်မှာ အဆ်မလ်နှင့်ယှဉ်တွဲ၍ ပြုခြင်းပင် ဖြစ်သည်။ သို့သာမက ဒိုအာသည် အဆ်မလ်ဖြစ်ပေါ်ရခြင်း၏ အကြောင်းတရားများအနက်မှ တစ်ခုပင် ဖြစ်သည်။ ကျွန်ုပ်တို့သည် အကြောင်းခံများကို ရွေးချယ်သည့်အခါတွင် ထိုအကြောင်းခံများမှ ကျွန်တော်တို့ မျှော်လင့်သည် အကျိုးတရားများ ရရှိရန် အလ္လာဟ်အရှင်မြတ်ထံတော်ပါးသို့ ဒိုအာပြုကြပေသည်။ သို့ဖြစ်ပေရာ ဒိုအာပြုခြင်းဖြင့် အဆ်မလ်ပြုရန် မလိုအပ်ခြင်း မဟုတ်သကဲ့သို့ အဆ်မလ်ပြုခြင်းဖြင့်လည်း ဒိုအာပြုရန် မလိုအပ်ခြင်း မဟုတ်ပါ။ ဤနှစ်ခုလုံးသည် ခွန်တွဲနေသော အရာပင် ဖြစ်ပေသည်။ ဤသည်နှင့်ပတ်

သက်၍ ကိုယ်တော်မြတ်﴿ﷺ﴾အတ္ထုပ္ပတ္တိက အကောင်းဆုံး ရှင်းပြထား ပေသည်။

"ကိုရိုင်ရှ်မျိုးနွယ်များသည် ကိုယ်တော်မြတ်﴿ﷺ﴾ယူဆောင်လာ သည့် လမ်းမှန်တရားကို လက်မခံငြင်းဆန်၍ အတိုက်အခံများပြုကြ သောအခါတွင် ကိုယ်တော်သခင်က သွာအိဖ်ဘက်သို့ ခြေလျှင်ခရီးနှင်ခဲ့ သည်။ ဤသည် နဗီ﴿၁၀﴾ခုနှစ်၌ ဖြစ်သည်။ ထို့နောက်ကိုယ်တော် မြတ်﴿ﷺ﴾သည် သွာအိဖ်၌ **ဆယ်ရက်တိတိ** စဉ်ဆက်မပြတ်ကြိုးပမ်းခဲ့ ရာ ကိုရိုင်ရှ်တို့ထံမှ ကြုံတွေ့ရသည်ထက် ဆိုးရွားသော အရာများကို ကြုံဆုံခဲ့ရသည်။ သို့ဖြစ်ပေရာ ယင်းအခက်အခဲဒုက္ခများကို ခါးစည်းခံပြီး နောက် မက္ကာဟ်သို့ ပြန်လာရာတွင် အလ္လာဟ်အရှင်မြတ်ထံပါး၌ ဤသို့ လျှောက်တင်ဒိုအာပြုခဲ့သည်။ "အို-အလ္လာဟ်အရှင်မြတ်၊ လူများအပေါ် ကျွန်တော်မျိုး၏ မစွမ်းနိုင်မှု၊ ကျွန်တော်မျိုး၏ ချည့်နဲ့မှုနှင့် လျော့နည်းမှု ကို အရှင်မြတ်ထံပါး၌ လျှောက်တင်ပါ၏။ အို-ကရုဏာသက်တော်မူဆုံး အရှင်၊ အသင်အရှင်မြတ်သည် ချည့်နဲ့သူများကို မွေးမြူဖန်ဆင်းတော်မူ သော အရှင်ဖြစ်ပါသည်။ အသင်အရှင်မြတ်သည် ကျွန်တော်မျိုးအား မွေးမြူဖန်ဆင်းတော်မူသောအရှင် ဖြစ်တော်မူပေသည်။ အသင်အရှင် မြတ်သည် ကျွန်တော်မျိုးကို အခြားသူထံပါး၌ အပ်နှံမည်လော။ ကျွန် တော်မျိုးမနှစ်သက်သည့်အရာများဖြင့် ဆက်ဆံမည့် သူစိမ်းထံသို့ အပ်နှံ မည်လော။ ကျွန်တော်မျိုး၏ ကိစ္စရပ်အဝဝကို စိုးပိုင်စေမည့် ရန်သူထံပါး ၌ ကျွန်တော်မျိုးအား အပ်နှံမည်လော။ အသင်အရှင်မြတ်သည် အမျက်

ဒေါသမဖြစ်ပါမူ ကျွန်တော်မျိုးသည် မည်သည့်အရာကိုမျှ ဂရုပြုမည် မဟုတ်ပေ။ အရှင်မြတ်၏ လွတ်ငြိမ်းချမ်းသာခွင့်သည်သာ ကျွန်တော် မျိုးအတွက် ကျယ်ဝန်းဆုံးအရာပင် ဖြစ်သည်။ ထို့နောက် အမှောင်ထု များကို လင်းဝင်တောက်ပစေသည့် အရှင်မြတ်၏ နူးရဲရောင်ခြည်တော် ကို အကြောင်းခံ၍ အရှင်မြတ်၏ အမျက်ဒေါသရှခြင်း၊ အရှင်အမြတ် ၏ဒေါသကျွန်တော်မျိုးအပေါ် ကျရောက်ခြင်းမှ အရှင့်ထံ ခိုလှုံပါ၏။ သို့ ဖြစ်ပေရာ ကျွန်တော်မျိုး၏ လောကီ၊ လောကုတ္တရာ ကိစ္စရပ်အဝဝကို ပြုပြင်တည့်မတ်ပေးသနားတော်မူပါ။ အလ္လာဟ်အရှင်မြတ်ကျေနပ် နှစ် သက်သည်ထိ အရှင်ထံပြန်လှည့်ပါ၏။ အားအင်နှင့် စွမ်းနိုင်ခြင်းဟူ သမျှ သည် အရှင်မြတ်၏ပေးစွမ်းခြင်းဖြင့်သာ ရရှိနိုင်ပါ၏။” ﴿မုအ်ဂျမ္မလ်က ဗီးရ်ကျမ်း၊ စာမျက်နှာပါတ်-၃၁၅﴾

ကိုယ်တော်မြတ်﴿ﷺ﴾သည် ဆယ်ရက်တိတိ စဉ်ဆက်မပျက် ကြိုးပမ်းပြီးနောက်တွင် မိမိ၏ ချည့်နဲ့မှု၊ မစွမ်းနိုင်မှုကို ဖော်ထုတ်သည့် အနေဖြင့် ဖော်ပြပါဒိုအာကို တောင်းဆုချွေခဲ့ခြင်း ဖြစ်သည်။ ထို့နောက် မိမိနှင့်ပတ်သက်သည့် ကိစ္စအဝဝကို အလ္လာဟ်အရှင်မြတ်ထံတော်ပါးခ္ဒ လွှဲအပ်ခဲ့ ခြင်း ဖြစ်သည်။

အေမာမ်أَبُوْ بَكْرٍ اَلطَّرْطُوْشِيْ ﴿ﷺ﴾က ဒိုအာ၏ ကျင့်ဝတ်များနှင့် ပတ်သက်၍ ဤသို့အမိန့်ရှိသည်။ “ရှရီအသ်တရားတော်က မိုးဆုမပန်မီ အလျှင် လူတို့အား နမားဇ်ဝတ်ပြုခြင်း၊ ရိဇာထားခြင်း၊ ဆွဒကာဟ်ပေး

ဆောင်ခြင်း၊ ကောင်းမှုကောင်းရာလုပ်ဆောင်ခြင်းများပြုရန် ညွှန်ကြား ထားသကဲ့သို့ ဒိုအာမပြုမည်အလျှင်၌လည်း ဤသို့ လုပ်ဆောင်သင့်ပေ သည်။ ဤသည် ရှေးသူတော်စင်ကြီးများ၏ လမ်းစဉ်ပင် ဖြစ်ပေသည်။ ထို့နောက် ဟဇရသ်အဗ္ဗဒွလ္လာဟ်ဗင်န်အုမရ်သခင်ကလည်း ဤသို့ အမိန့် ရှိသည်မှာ "ဒိုအာမပြုမီအလျှင် ဆွဒကာဟ်သော်လည်းကောင်း၊ နမားဇ် သော်လည်းကောင်း၊ ကောင်းမှုကောင်းရာတစ်ခုခုသော်လည်း ပြုလုပ် ပြီးမှသာ မိမိ၏နှစ်သက်ရာ တောင်းပါလေ"ဟူ၍ ဖြစ်သည်။ ﴿ဒိုအာအွလ်မအ်ဆူးရ်ကျမ်း၊ စာမျက်နှာ-၅၉﴾

အချုပ်ဆိုရသော ဒိုအာသည် အအ်မလ်များဖြစ်ပေါ်လာရန် အ ကြောင်းခံတစ်ခုဖြစ်ခြင်းမှာ အငြင်းဝင်ဖွယ်ရာ ကိစ္စရပ်တစ်ခု မဟုတ် ပေ။

ကိုယ်တော်မြတ်ﷺက အမိန့်များ၏ ရည်ရွယ်ချက်များကို ထုတ်နုတ်ပြသခဲ့ပုံ။

ကိုယ်တော်မြတ်ﷺသည် အချို့အမိန့်ပညတ်များ၏ ရည်ရွယ်ချက်များကို အဓိက ပုံစံနှစ်မျိုးဖြင့် ထုတ်နုတ်ပြသခဲ့သည်။

❶ တောင်းဆိုခြင်း မရှိဘဲ တမန်တော်မြတ်ﷺကိုယ်တော်တိုင် အမိန့်များ၏ ရည်ရွယ်ချက်များကို ထုတ်နုတ်ပြသခဲ့ပုံ။

❷ အချို့သော ဆွေဟာဗတ်ﷺများ၏ တောင်းဆိုမှုကြောင့် ကိုယ်တော်မြတ်ﷺဘက်မှ အမိန့်များ၏ ရည်ရွယ်ချက်များကို ထုတ်နုတ်ပြသခဲ့ပုံ။

❖ **ပထမအမျိုးအစား၏ အချို့သော ဥပမာများ။**

➢ ကိုယ်တော်မြတ်ﷺက ဤသို့ အမိန့်ရှိသည်။ “အသင်တို့သည် အိပ်ရာမှထသောအခါ လက်ကို ခွက်အတွင်းသို့မနှိုက်မီ သုံးကြိမ်သုံးခါ ဆေးကြောကြလေကုန်။” ထို့နောက် ကိုယ်တော်မြတ်ﷺက ဖော်ပြပါ အမိန့်၏ ရည်ရွယ်ချက်ကို ဤသို့ ဆက်လက်အမိန့်ရှိသည်။ “ဤသည်ည အခါတွင် လက်က မည်သည့်နေရာ၌ ရှိနေမည်ကို အသင်တို့ မသိနိုင်ကြသောကြောင့်ဖြစ်သည်။” ﴿မွတ်စ်လင်မ်ကျမ်း၊ ဟဒီးဆ်နံပါတ်-၂၃၇﴾ ဆိုလိုသည်မှာ အိပ်သောသူ၏ လက်သည် ညအခါ၌ မသန့်သည့်နေရာများကို ထိကိုင်မိနိုင်သည့်အတွက်ကြောင့် လက်ကို စင်ကြယ်အောင်မဆေးကြောဘဲ ခွက်အတွင်းသို့ မနှိုက်ရန် လမ်းညွှန်ထားခြင်းဖြစ်သည်။

➢ ကိုယ်တော်မြတ်﴿ﷺ﴾က ဤသို့ အမိန့်ရှိသည်။ “အသင်တို့အနက်မှ တစ်ဦးတစ်ယောက်သည် အေမာမ်ပြုသောအခါ နမားဇ်ကို အတိုချုံး၍ ဖတ်ကြကုန်။” ဤအမိန့်ပြဋ္ဌာန်းရခြင်း၏ အကြောင်းအရင်းကို ကိုယ်တော်မြတ်﴿ﷺ﴾က ဤသို့ ဆက်လက်တင်ပြသည်။ “ဇကန်မုချ ၎င်းတို့ထဲတွင် ချည့်နဲ့သူ၊ နာမကျန်းဖြစ်သူ၊ လိုအပ်ချက်ရှိသူများရှိသည့်အတွက်ကြောင့် ဖြစ်သည်။” ထို့နောက် ကိုယ်တော်သခင်က ယင်းဖော်ပြပါအကြောင်းအရင်း မရှိပါက ပြဋ္ဌာန်းမိန့်အတည်မဖြစ်ခြင်းကို ဆက်လက်ဖော်ပြသည်။ “အသင်တို့တစ်ဦးတည်းဖတ်သည့်အခါတွင် မိမိတို့အလိုရှိသည်ထိ နမားဇ်ကို ရှည်လျားစွာဖတ်ကြပါလေ။” ﴾အဗူဒါဝူးဒ် ကျမ်း၊ ဟဒီးဆ်နံပါတ်-၇၉၄﴿

➢ ဟဇရသ်စအဒ်﴿ﷺ﴾က မိမိပိုင်ပစ္စည်း တဝက်(သို့)သုံးပုံနှစ်ပုံကို အလွှာဟ့်လမ်း၌ ဝဆ်ဖိယသ်မှာတမ်းရန် ခွင့်တောင်းသောအခါ ကိုယ်တော်မြတ်﴿ﷺ﴾က သခင်ကြီးကို သုံးပုံတစ်ပုံသာ ဝဆ်ဖိယသ်မှာတမ်းရန်နှင့် ယင်းထက်ပိုသော ပမာဏကို တားမြစ်ရခြင်းအကြောင်းကိုပါ ဤသို့ရှင်းပြပေသည်။ “အသင်၏ အမွေစားအမွေခံများကို လူတို့ထံ လက်ဖြန့်တောင်းခံရခြင်း၏ အခြေနေတွင် ချန်ခဲ့ရခြင်းထက် လိုလားတောင်းတမှုကင်းသူများအဖြစ် ချန်ခဲ့ခြင်းက သာပိုကောင်းမွန်ပါသည်။” ﴾နိုင်လွှလ် အောင်သွာရ်ကျမ်း၊ အတွဲ- ၆၊ စာမျက်နှာ-၁၇၅﴿

❖ ဒုတိယအမျိုးအစား၏ အချို့သော ဥပမာများ။

➢ ကိုယ်တော်မြတ်﴿ﷺ﴾က ဤသို့အမိန့်ရှိသည်။ “မွတ်စ်လင်မ်နှစ်ဦးသည် လက်နက်ဆွဲကိုင်၍ ခိုက်ရန်ဖြစ်ပွားပါမူ သတ်သူနှင့် သတ်ခံရသူနှစ်ဦးလုံးသည် ဂျဟန္နမ်အပါယ်ငရဲသို့ လားရမည် ဖြစ်သည်။” ထိုအခါ အချို့ဆွဟာဗဟ်﴿رضي الله عنه﴾က သတ်ခံရသူသည် သတ်သူနှင့်အတူ ဂျဟန္နမ်လားရမည်ကို နားမလည်နိုင်သည့်အတွက်ကြောင့် ဤသို့ ပြန်လည်လျှောက်ထားကြသည်။ “အို-အလ္လာဟ်ရစူလ်၊ သတ်သူ ဂျဟန္နမ်သွားရသည်ကို ကျွန်တော်နားလည်နိုင်ပါသည်။ သို့သော် သတ်ခံရသူသည် အဘယ့်ကြောင့် အပါယ်ငရဲလားရပါသနည်း” ထိုအခါကိုယ်တော်မြတ်﴿ﷺ﴾က “သတ်ခံရသူသည်လည်း မိမိနောင်တော်ကို သတ်ရန် ဆန္ဒရှိခဲ့သည့်အတွက်ကြောင့်ဖြစ်သည်” ဟု ဖြေကြားတော်မူခဲ့လေသည်။
﴿ဂျာမေ့အ်ဆွဂီးရ်ကျမ်း၊ ဟဒီးဆ်နံပါတ်-၄၈၃﴾

ကိုယ်တော်မြတ်﴿ﷺ﴾သည် ယင်းပုဂ္ဂိုလ်နှစ်ဦးတူဆင်ရခြင်းအကြောင်းကို ဖော်ပြပါ ဟဒီးဆ်တော်တွင် အောက်ပါအတိုင်း သတိပေးထားတော်မူပေသည်။ “ထိုသူတို့ အပြစ်ကျူးလွန်ရန် ရည်ရွယ်ချက်တူကြသကဲ့သို့ အချင်းချင်းသတ်ဖြတ်ရန်လည်း ရည်ရွယ်ချက်တူဆင်ကြသည်။ ထို့နောက် ယင်းတို့သည် မိမိတို့ရည်ရွယ်ချက်အတွက် စွမ်းနိုင်သမျှ အကောင်အထည်ဖော်ကြပေသည်။ သို့ဖြစ်ပေရာ သတ်သူသည် မိမိနောင်တော် လုပ်ဆောင်ချက်ကို အဆုံးသတ်လိုက်သည့်အတွက်ကြောင့်

ထိုသူသည် အကောင်အထည်မဖော်နိုင်ခဲ့ခြင်းသာ ဖြစ်သည်။ ထို့ကြောင့် ယင်းပုဂ္ဂိုလ်မှာ နောက်ဆုံးထွက်သက်ထိ မိမိရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရန် ဆန္ဒရှိပေသည်။ အလ္လာဟ်အရှင်မြတ်သည် နှလုံးသားတွင်းရည်စူးချက်များကိုပါ အရေးယူတော်မူသောအရှင်ဖြစ်ရာ အာခေရသ်ရှထောင့်အရ ထိုသူနှစ်ဦးသည် ကွဲပြားခြင်း မရှိကြပေ။

➢ ကိုယ်တော်မြတ်﴿ﷺ﴾က အပြစ်ဖြစ်စေမည့်အရာများနှင့် ကြွေးမြီတင်စေမည့်အရာများမှ အလ္လာဟ်အရှင်မြတ်ထံတော်ပါးå များစွာခိုလှုံခွင့်တောင်းခံခြင်းနှင့်ပတ်သက်၍ မေးမြန်းခြင်းခံရသောအခါ ဤသို့ ဖြေကြားလေသည်။ “ကြွေးမြီတင်ခြင်းသည် အပြစ်များဘက်သို့ တွန်းပို့ပေးသည်။ သို့သာမက မုသားပြောဆိုခြင်းနှင့် ကတိဖျက်ခြင်းကဲ့သို့သော ကြီးမားသည့် အပြစ်များဘက်သို့ တွန်းပို့သည်။” ﴿ဖသ်ဟွလ်ဗာရီကျမ်း၊ အတွဲ ၂၊ စာမျက်နှာနံပါတ်-၃၇၁﴾

ထိုကဲ့သို့ပင် ကိုယ်တော်မြတ်﴿ﷺ﴾သည် ရှရီအသ်အမိန့်ပညတ်ချက်များမှ ပြဋ္ဌာန်းခြင်းဆိုင်ရာ ရည်ရွယ်ချက်များကို မိမိကိုယ်တိုင် ထုတ်နုတ်တင်ပြပေးခဲ့သည်။ ရှရီအသ်တရားတော်သည်ပင်လျှင် လူသားတို့၏ လောကီနှင့် လောကုတ္တရာကောင်းကျိုးများကို ရှေ့ရှု၍ ပြဋ္ဌာန်းထားသည်ဖြစ်ရာ ကိုယ်တော်မြတ်﴿ﷺ﴾ကလည်း ဤရည်ရွယ်ချက်များကို အတိအလင်း ရှင်းပြတော်မူပေးခဲ့လေသည်။ ထို့နောက် ဆွဟာဗဟ်﴿ﷺ﴾ကြီးများသည် အမိန့်တော်၏ ပြဋ္ဌာန်းခြင်းဆိုင်ရာ ရည်

ရွယ်ချက်များကိုနားမလည်ပါက ကိုယ်တော်မြတ်﴿ﷺ﴾ထံတွင် မေးမြန်းလျှောက်ထားရန် မတွန့်ဆုပ်သကဲ့သို့ ကိုယ်တော်မြတ်﴿ﷺ﴾ကလည်း ဤအရာများကို ရှင်းပြရာတွင်လည်း မတုံဆိုင်းခဲ့ပါ။

အေမာမ်အဗ္ဗနေ့ကိုင်ယင်မ်﴿رحمه الله﴾က ဤသို့အမိန့်ရှိသည်။ “ကုရ်အာန်နှင့် ဟဒီးစ်တော်တွင် ရှရီအသ်အမိန့်များ၏ ပြဋ္ဌာန်းခြင်းဆိုင်ရာ ရည်ရွယ်ချက်များနှင့် ယင်းအမိန့်များက လူတို့၏အကျိုးများကို ရှေ့ရှုထားသည် ဆိုသည့်အချက်များကို များစွာဖော်ပြထားပေသည်။ ထို့နောက် ဖန်ဆင်းရခြင်း၏ အကြောင်းအရင်းများနှင့် ဖန်ဆင်းခံများ၏ အကျိုးကို ရှေ့ရှု၍ အမိန့်တော်များ ပြဋ္ဌာန်းရခြင်းကိုလည်း အတိအလင်း ရှင်းပြထားပေသည်။ ဤအကြောင်းအရာများသည် ကုရ်အာန်နှင့် ဟဒီးဆ်တော်တွင် ကဏ္ဍနှစ်ရာဝန်းကျင်သာရှိပါက ကျွန်တော်သည် မုချထိုအကြောင်းအရာများကို စုစည်းတင်ပြမည်ဖြစ်သည်။ သို့သော် ယင်းအကြောင်းအရာများသည် ပုံစံမျိုးစုံဖြင့် ကဏ္ဍထောင်ကျော်ပါဝင်နေသည့် အတွက်ကြောင့်သာ ကျွန်ုပ် မရေးသားရခြင်းဖြစ်သည်။

﴿မိဖ်သာဟုဒါရိစ်စအာဒဟ်ကျမ်း၊ စာမျက်နှာနံပါတ်-၂၂﴾

အခန်း(၅) အကျိုးဆောင်၊ အဆိုးရှောင်။

① အကျိုးဆောင်၊ အဆိုးအရှောင်ဆိုင်ရာ ရုရီအသံ သဘောတရားများ။

② ဘဝ၏ အရေးကြီးလိုအပ်ချက်ကြီး ﴿၅﴾ချက်အား ထိန်းသိမ်းခြင်း။

③ ဘဝ၏ အလှတရားများနှင့် လိုအပ်ချက်များကို ထိန်းသိမ်းခြင်း။

﴿က ﴾ဘဝ၏ အရေးကြီး လိုအပ်ချက်များကို ထိန်းသိမ်းခြင်း။

﴿ခ ﴾ဘဝ၏ အလှတရားများကို ထိန်းသိမ်းခြင်း။

အခန်း(၅) အကျိုးဆောင်၊ အဆိုးရှောင်။

အထက်တွင် ရှရီအသ်တရားတော်၏ ပြဋ္ဌာန်းချက်များ၌ ရည်ရွယ်ချက်များနှင့် လူတို့အကျိုးများပါရှိကြောင်းကို အကျယ်တဝင့် ရှင်းပြခဲ့ပြီးဖြစ်သည်။ ထို့ပြင် တရားတော်၏ ပြဋ္ဌာန်းချက်များက "အကျိုးဆောင်၊ အဆိုးရှောင်"ခြင်း ဆောင်ပုဒ်ပေါ်တွင် အခြေခံထားသည်ကို လည်း ညွှန်းဆိုပြောကြားခဲ့သည်။ ထို့ကြောင့် ပညာရှင်များက တရားတော်၏ ပြဋ္ဌာန်းခြင်းဆိုင်ရာ ရည်ရွယ်ချက်များကို ထိုဆောင်ပုဒ်ဖြင့် အချုပ်ဆိုကြသည်။ ဤသည် **"ကောင်းခြင်းတရားများ ဆောင်ကြဉ်းခြင်း၊ လူတို့အကျိုးအား ရှေ့ရှုခြင်း"**ပင် ဖြစ်သည်။ ထို့ပြင် ယင်းဆောင်ပုဒ်သည် ရှရီအသ်အမိန့်တော်များအားလုံးကို ခြုံငုံသုံးသပ်၍ ရရှိလာသော ကောက်နုတ်ချက်ဖြစ်သည်သာမက တရားတော်၏ ပညတ်ချက်များတွင်ပါ အတိအလင်းဖော်ပြထားသော အချက်ပင် ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များတွင် ဤသို့ လာရှိသည်။

◈ "အို-ရစူလ်တမန်တော်အပေါင်းတို့၊ အသင်တို့သည် (ဟလာလ်)စင်ကြယ်သန့်ရှင်းသောအရာများကို စားသုံးကြလေကုန်။ ၎င်းပြင် အသင်တို့သည် ကောင်းမြတ်သော အကျင့်သီလကို ကျင့်မူ ဆောက်တည်ကြလေကုန်။ ဧကန်အမှန် ငါအရှင်မြတ်သည် အသင်တို့ကျင့်မူကြသည်တို့ကို အကြွင်းမဲ့သိသော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။"

﴿ ၂၃-၅၁ ﴾

◈ မလွဲဧကန် ငါအရှင်မြတ်သည် (နဗီတမန်တော်) "ဒါဝူဒ်"အား မိမိထံတော်မှ ကျေးဇူးတော်ကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ (ထို့ပြင် ငါအရှင်မြတ်သည် တောင်များကို) "အို-တောင်တို့ အသင်တို့သည် "ဒါဝူဒ်" နှင့်အတူ (ငါအရှင်မြတ်) စင်ကြယ် သန့်ရှင်းတော်မူကြောင်း မြွက်ဆိုကြကုန်လော့" (ဟု မိန့်ကြားတော်မူခဲ့၏)။ ထို့နည်းတူစွာ ငှက်တိရစ္ဆာန်များကိုလည်း (ငါအရှင်မြတ်သည် ဤအတိုင်းပင် မိန့်ကြားတော်မူခဲ့၏။) ထိုမှတပါး ငါအရှင်မြတ်သည် "ဒါဝူဒ်"အဖို့ သံကို ပျော့ပျောင်းစေတော်မူခဲ့၏။ (ထိုမှတပါး ငါအရှင်မြတ်သည် "ဒါဝူဒ်" အားမိန့်ကြားတော်မူခဲ့၏။) "အသင်သည် ပြည့်စုံသော သံချပ်အင်္ကျီရှည်များကို ပြုလုပ်ပါလေ။ ၎င်းပြင် အသင်သည် (ကွင်းဆက်များကို) ဆက်ရာတွင် သင့်မြတ်အောင် ချိန်ဆ ခန့်မှန်း၍ ပြုလုပ်ပါလေ။ ထို့ပြင် (အို-"ဒါဝူဒ်"၏ သားမြေးတို့) အသင်တို့သည် (ထို "ဒါဝူဒ်"နှင့်အတူ) ကောင်းမြတ်သော အကျင့်သီလကို ကျင့်မူဆောင်တည်ကြလေကုန်၊ ဧကန်မလွဲ ငါအရှင်မြတ်သည် အသင်တို့ ကျင့်မူပြုလုပ်သမျှတို့ကို အကြွင်းမဲ့သိမြင်တော်မူသော အရှင်မြတ် ဖြစ်တော်မူပေတည်း။" ﴿ ၃၄-၁၀၊၁၁ ﴾

ဖော်ပြပါအာယသ်တော်များတွင် လူသားတို့ အကျိုးခံစားခွင့်ရမည့် အချက်များကို တင်ပြပြီးနောက် ကောင်းမွန်သော အဆိုမလိမ္မာများကို ပြုလုပ်ရန်တိုက်တွန်းထားသည်ကို တွေ့ရှိရပေသည်။ ထို့ပြင် ဟဇရသ်ရှု

အိုက်ဗ်﴿ﷺ﴾က “အမှန်စင်စစ် ငါသည် မိမိတက်စွမ်းနိုင်သမျှ ကာလ ပတ်လုံး (အသင်တို့၏ ဆိုးရွားနေသော အခြေအနေကို) ပြုပြင်ရန်သာ လျှင် ရည်စူးလေသည်။” ﴿၁၁-၈၈﴾ ဟူ၍ မိန့်ဆိုခဲ့သည်။ ဤသည် ဟဇ ရသ်ရှိအိုက်ဗ်﴿ﷺ﴾က နဗီများ၏ ဆောင်ပုဒ်ဖြစ်သော “လူသားတို့ အ ကျိုး ရှေ့ရှုခြင်း”ကို အတိအလင်းဖော်ပြခဲ့ခြင်းပင်ဖြစ် သည်။

“အဆိုးရှောင်ခြင်း”နှင့်ပတ်သက်၍လည်း များစွာသော အာ ယသ်တော်များ၌ သီးခြားပုံစံဖြင့် တစ်မျိုး၊ **“အကျိုးဆောင်ခြင်း”** ဆောင် ပုဒ်နှင့်ပူတွဲ၍ တစ်ဖုံ လာရှိထားပေသည်။

- “ထို့ပြင် အသင်တို့သည် ကမ္ဘာမြေပြင် တွင်တယ်ကောင်းလာပြီး နောက် ထိုကမ္ဘာမြေပြင်ဝယ် ပျက်စီးရာပျက်စီးကြောင်းများကို မပြု လုပ် ကြကုန်လင့်။” ﴿၇-၈၅﴾
- “ငင်းပြင် (နဗီတမန်တော်)မူစာသည် မိမိ နောင်တော် (နဗီတမန် တော်) ဟာရူန်အား (ဤသို့ ပြောဆို မှာကြားခဲ့လေသည်။ (အို-နောင် တော်) အသင်သည် ကျွန်ုပ်၏အမျိုးသားတို့တွင် ကျွန်ုပ်အား ကိုယ်စား ပြု၍ နေရစ်ခဲ့ပါ။ ထို့ပြင် အသင်သည် (ငင်းတို့အား) ပြုပြင်၍ ပေးပါ။ သို့ ရာတွင် အသင်သည် အကျိုးပျက်စီးအောင် ပြုလုပ်သူတို့၏ လမ်းစဉ်ကို မလိုက်ပါလေနှင့်။ ﴿၇-၁၄၅﴾

အစရှိသည့် နဗီများ၏ ရည်ရွယ်ချက်များကို ဖော်ပြထားသော အာယသ် တော်များ များစွာလာရှိပေသည်။ နဗီတမန်တော်များ၏ အဓိကရည်

ရွယ်ချက်များမှာ အဖျက်အမှောက်လုပ်ငန်းများနှင့် အဖျက်သမားကို တွန်းလှန်ဖယ်ရှားကာ လူတို့၏ အကျိုးကိုရှေ့ရှု ထိန်းသိမ်းခြင်းပင် ဖြစ်သည်။ ထို့နောက် အာယသ်တော်များတွင်လည်း သူမွန်သူမြတ်များနှင့် အကောင်းဘက်သို့ ပြုပြင်တည့်မတ်ပေးသူများကို ချီးမွမ်းထားသကဲ့သို့ အဖျက်အမှောက်လုပ်သူများနှင့် အဖျက်အစီးများကို ရှုတ်ချထားပေသည်။ ထို့ပြင် အဖျက်အမှောက်လုပ်သူများကို လောကီနှင့် လောကုတ္တရာနှစ် ဌာနလုံးတွင် အရေးယူခံရမည်ကိုလည်း သတိပေးခြိမ်းခြောက်ထားပေသည်။ ဤအချက်များကို အခြေခံ၍ အေမာမ်အဗ္ဗနေ့အာရှူး၏ ﷺက ဤသို့အမိန့်ရှိသည်။ “ဖော်ပြပါအထောက်အထားများသည် ရှရီအသ်တ ရားတော်၏ အဓိကရည်ရွယ်ချက်ဖြစ်သည့် **“အကျိုးဆောင်၊ အဆိုးရှောင်”** ဥပဒေကို အတိအလင်းရည်ညွှန်းဖော်ပြနေပေသည်။ ထို့ကြောင့် ယင်းအထောက်အထားများအရ ဤဆောင်ပုဒ်ကို ရှရီအသ်၏ အဓိက အခြေခံဥပဒေ မူတစ်ခုအဖြစ် ကျွန်ုပ်တို့ သတ်မှတ်နိုင်ပေသည်။”

1 အကျိုးဆောင်၊ အဆိုးအရှောင်ခြင်း ဆိုင်ရာ ရှရီအသ် သဘောတရားများ။

"အကျိုး၊ အဆိုး"နှင့်ပတ်သက်၍ အကျော်ကြားဆုံး အဓိပ္ပာယ် ဖွင့်ဆိုချက်မှာ **الإمام فخر الدين الرازي** ﴿ﷺ﴾၏ ဖွင့်ဆိုချက်ပင် ဖြစ်သည်။ ပညာရှင်ကြီး ဖွင့်ဆိုချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

"**"အကျိုး"**ဆိုသည်မှာ စည်းစိမ်များနှင့် စည်းစိမ်ခံစားခွင့်ရရှိရန် အကြောင်းခံဖြစ်သည့်အရာများကို ခေါ်ဆိုသည်။ ထို့နောက် **"အဆိုး"** ဆိုသည်မှာ နာကျင်မှုနှင့် နာကျင်မှု ဖြစ်စေသည့်အရာများကို ခေါ်ဆိုသည်။"

အေမာမ်ကြီး၏ ဤဖွင့်ဆိုချက်သည် အာရုံကြီးငါးပါး၊ လောကီအရေးများနှင့်သာ သက်ဆိုင်သည်ဟု ထင်ရပေသည်။ သို့သော် **الإمام فخر الدين الرازي** ﴿ﷺ﴾ထံပါး၌ စည်းစိမ်ဆိုသည်မှာ လောကီစည်းစိမ်တစ်ခုတည်း မဟုတ်သကဲ့သို့ နာကျင်မှုဆိုသည်မှာလည်း လောကီနာကျင်မှုတစ်ခုတည်းကို မဆိုလိုပေ။ သို့ဖြစ်ပေရာ အေမာမ်ကြီး၏ ထိုဖွင့်ဆိုချက်ကို **عز الدين بن عبد السلام** ﴿ﷺ﴾၏ မိန့်ခွေချက်ဖြင့် ကောင်းစွာနားလည် သဘောပေါက်နိုင်ပေသည်။ " **"အကျိုး"**တွင် အမျိုးအစား လေးမျိုးရှိသကဲ့သို့ **"အဆိုး"**တွင်လည်း အမျိုးအစား လေးမျိုးရှိပေသည်။

“အကျိုး”	“အဆိုး”
➢ စည်းစိမ်များ။ ➢ စည်းစိမ်ခံစားခွင့်ရရှိစေမည့် အကြောင်းခံများ။ ➢ ပျော်ရွှင်ခြင်း။ ➢ ပျော်ရွှင်စေမည့် အကြောင်းခံများ။	➢ နာကျင်မှုများ။ ➢ နာကျင်မှုဖြစ်စေသည့် အရာများ။ ➢ ပူဆွေးသောကများ။ ➢ သောကဖြစ်စေမည့် အကြောင်းခံများ။

ဤအချက်များသည် **လောကီ**(အကျိုး၊ အဆိုး)၊ **လောကုတ္တရာ** (အကျိုး၊ အဆိုး)ဟူ၍ အမျိုးအစားကြီးနှစ်မျိုးပြန်ကွဲပေသည်။

﴿ကဝါအိဒ္ဓလ်အဟ်ကားမ်ကျမ်း၊ အတွဲ ၁၊ စာမျက်နှာ-၁၁၊၁၂﴾

ထို့ပြင် **“အကျိုး”**၌ စည်းစိမ်နှင့် ပျော်ရွှင်မှုများ၊ **“အဆိုး”**၌ နာကျင်မှုနှင့် ပူဆွေးသောကများဟူ၍ သုံးနှုန်းထားသည့်အတွက်ကြောင့် ယင်းအမျိုးအစားများတွင် ရုပ်နှင့်နာမ် သဘောတရားနှစ်ခုလုံးပါဝင်ပေသည်။

ထို့နောက် ရှရီအသံတရားတော်တွင် ကောင်းကျိုးဖြစ်စေမည့်အကြောင်းခံများကို “အကျိုး”အဖြစ် သတ်မှတ်သကဲ့သို့ ဆိုးကျိုးဖြစ်စေမည့်အကြောင်းခံများကိုလည်း “အဆိုး”အဖြစ်သာ သတ်မှတ်ပေသည်။ ဤသည် ရှရီအသံ၏ ဥပဒေများနှင့် လူတို့ပြဋ္ဌာန်းသည့် ဥပဒေများကြား ကွာခြားချက်ပင် ဖြစ်သည်။ လူတို့က ဆိုးကျိုးဖြစ်စေသည့်အကြောင်းခံ

ကိုပင် အပေါ်ယံအားဖြင့် ကောင်းကျိုးပြုသည်ဟု ယူဆပါက ယင်းအရာကို **"အကျိုး"**ဟူ၍ သတ်မှတ်ကြပေသည်။ ထို့နောက် ကောင်းကျိုးဖြစ်စေသည့် အကြောင်းခံကိုပင် အပေါ်ယံအားဖြင့် ဆိုးကျိုးဖြစ်သည်ဟု ယူဆပါက ယင်းအရာကို **"အဆိုး"**ဟူ၍ သတ်မှတ်ကြပေသည်။

ဖော်ပြပါ အချက်အလက်များအရ "အကျိုး"ကို အဆင့်﴿၃﴾ဆင့် ခွဲခြားနိုင်ပေသည်။

❖ ﴿اَلضَّرُوْرِيُّ﴾ ဘဝအတွက် မရှိမဖြစ်လိုအပ်ချက်များ။ ဤသည် လူသားတစ်ဦး အသက်ရှင်နေထိုင်ရန် အရေးကြီးလိုအပ်သည့် အချက်များပင် ဖြစ်သည်။ ထိုအချက်များ မရှိခြင်းသည် ရှင်သန်ခြင်းအတွက် ထိခိုက်စေသည်။ ထို့ပြင် ဘဝ၌ အပျက်အစီးများ ဖြစ်စေနိုင်သည်။ ထို့နောက် လူသားတစ်ဦးရှင်သန်ရေးအတွက် အောက်ပါ အချက်﴿၅﴾ချက်ကို မဖြစ်မနေ ထိန်းသိမ်းရပေမည်။

❶ သာသနာ။
❷ အသက်။
❸ ဦးနှောက်။
❹ ဂုဏ်သိက္ခာ။
❺ ဥစ္စာပစ္စည်း။

❖ ﴿اَلْحَاجِيُّ﴾ ဘဝအတွက် အရေးကြီးလိုအပ်ချက်များ။ ဤအချက်များသည် လူသားတို့ ရှင်သန်ရာ၌ လွယ်ကူချောင်လည်ရေးအတွက် အရေးကြီးသည့် အချက်များပင် ဖြစ်သည်။ ထိုအချက်များ မရှိခြင်းသည် ရှင်သန်မှု၌ အခက်အခဲဖြစ်စေသည်။ သို့သော် ﴿اَلضَّرُوْرِيُّ﴾ ဘဝအတွက်

မရှိမဖြစ်လိုချက်များကဲ့သို့ ရှင်သန်ခြင်းကို ထိခိုက်ပျက်ပြားမှု မဖြစ်စေပါ။ ဤသည် လူတို့အတွက် အခက်အခဲများကို ခါးစည်းခံရခြင်းမှ ဖယ်ရှားပေးခြင်းပင် ဖြစ်သည်။

❖ ﴿اَلتَّحْسِيْنِيُّ﴾ ဘဝအတွက် လိုအပ်သည့် အလှတရားများ။ ဤသည် ဘဝရှင်သန်ရာ၌ လှပကောင်းမွန်ဆုံးပုံစံဖြင့် ရှင်သန်နိုင်ရေးအတွက် လိုအပ်သည့် အချက်များဖြစ်သည်။ ဤအချက်များ မရှိခြင်းသည် ရှင်သန်ခြင်းကို ထိခိုက်ပျက်ပြားမှု မဖြစ်စေသကဲ့သို့ အခက်အခဲများလည်း မဖြစ်စေပါ။ သို့သော် ရှင်သန်ခြင်း၏ အလှတရားကို မဲ့စေသည်။ ဤအချက်များမှာ ကောင်းမွန်သော ကိုယ်ကျင့်စာရိတ္တ၊ မွန်မြတ်သော အကျင့်ဓလေ့များနှင့် သက်ဆိုင်သည့် အချက်များပင် ဖြစ်သည်။

❷ ဘဝ၏ အရေးကြီးလိုအပ်ချက်ကြီး ﴿၅﴾ချက်အား ထိန်းသိမ်းခြင်း။

အထက်တွင် ကျွန်ုပ်ဖော်ပြခဲ့သည့်အတိုင်း လူသားတစ်ဦး ရှင်သန်နိုင်ရန်အတွက် အရေးကြီး လိုအပ်ချက်ကြီး ﴿၅﴾ချက်ကို ဖြစ်တည်ရန်နှင့် ထိန်းသိမ်းရန်အတွက် ရှရီအသ်တရားတော်မှ အောက်ပါအတိုင်း ပြဋ္ဌာန်းတော်မူထားပေသည်။

❶ သာသနာ။

သာသနာဆိုသည်မှာ လူအချင်းချင်းကြားဌ္ဌသော်လည်းကောင်း၊ ကျေးကျွန်နှင့် ဖန်ဆင်းရှင်ကြားဌ္ဌသော်လည်းကောင်း ချိတ်ဆက်မှုများမှန်ကန်ရန်အတွက် အလ္လာဟ်အရှင်မြတ်ဘက်တော်မှ လူသားတို့အတွက် ချမှတ်ပေးထားသည့် ယုံကြည်ချက်များနှင့် ခဝပ်ကိုးကွယ်ခြင်းဆိုင်ရာ ပညတ်တော်များကို ခေါ်ဆိုသည်။

ထို့နောက် အလ္လာဟ်အရှင်မြတ်သည် ယင်းသာသနာ ဖြစ်တည်ရေးအတွက် အစ္စလာမ်မဏ္ဍိုင်ကြီး﴿၅﴾ရပ်ဖြစ်သည့် “အီမာန်သက်ဝင်ယုံကြည်ခြင်း၊ နမာဇ်၊ ဇကာသ်၊ ရိဇာ၊ ဟဂ်ျ”တို့ကို ပြဋ္ဌာန်းတော်မူထားပေသည်။ ထို့ပြင် အစ္စလာမ် ပင်မယုံကြည်ချက်ဆိုင်ရာ ဥပဒေများနှင့် အလ္လာဟ်အရှင်မြတ်ဘက်တော်သို့ ဖိတ်ခေါ်ခြင်း အစရှိသည့် အမိန့်ပညတ်များကိုလည်း ပြဋ္ဌာန်းတော်မူထားပေသည်။

အလ္လာဟ်အရှင်မြတ်သည် သာသနာတော်ကို ထိန်းသိမ်းရန်အ တွက် အလ္လာဟ်အရှင်မြတ်ဘက်တော်သို့ ဖိတ်ခြင်းအား အဟန့်အတား ပြုသူများကို ဂျဟာဒ်ပြုရန်လည်း လမ်းညွှန်ထားပေသည်။ ထို့နောက် သာသနာတွင် တရားသစ်တီထွင်သူများနှင့် သာသနာကို လက်ခံပြီး နောက် ကျာခိုင်းသူများအတွက်လည်း ပြစ်ဒဏ်အသီးသီးကို သတ် မှတ်ပြဋ္ဌာန်းထားပေသည်။ ဤသည် သာသာနာတော်ကို ထိန်းသိမ်း စောင့်ရှောက်ရန်အတွက် ဖြစ်သည်။

❷ **အသက်။**

လူသားမျိုးဆက်ကျန်ရှိရေးအတွက် အလ္လာဟ်အရှင်မြတ်သည် နေ ကာဟ်﴿ထိမ်းမြားမင်္ဂလာ﴾ကို ပြဋ္ဌာန်းတော်မူထားပေသည်။ ထို့နောက် ယင်းလူသားတို့ သက်ရှင်နေထိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် “စား၊ ဝတ်၊ နေ” ရေးဆိုင်ရာ အမိန့်တော်များကိုလည်း ပြဋ္ဌာန်းထားပေ သည်။ ထို့ပြင် ယင်းအသက်ပေါ် ကျူးလွန်ခြင်းအတွက် သွေးကြွေးဆိုင် ရာအမိန့်များနှင့် အသက်လျော်ကြေးဆိုင်ရာ ပညတ်များကိုလည်း ပြ ဋ္ဌာန်း တော်မူထားပေသည်။

❸ **ဦးနှောက်။**

ဦးနှောက်ကို ထိန်းသိမ်းရန်အတွက် အရက်နှင့် မူးဝေစေသည့်အရာများ ကို ရှရီအသ်တရားတော်က ဟရာမ်အဖြစ်သတ်မှတ် ပြဋ္ဌာန်းထားပေ သည်။

❹ ဂုဏ်သိက္ခာ။

ဂုဏ်သိက္ခာကို ထိန်းသိမ်းရန်အတွက် မဟုတ်မမှန်စွပ်စွဲသူအား ကြိမ်ဒဏ်ရိုက်ခြင်း၊ ကာမေသုမိစ္ဆာစာရကံကျူးလွန်သူအတွက် ပြစ်ဒဏ်များ အသီးသီးသတ်မှတ်ထားပေသည်။

❺ ဥစ္စာပစ္စည်း။

ဥစ္စာပစ္စည်း ရရှိရေးအတွက် ရိုဇီရိက္ခာကို ရှာဖွေရန် တာဝန်အဖြစ်သတ်မှတ်တော်မူထားပြီး အရောင်းအဝယ်၊ အပေးအယူကဏ္ဍများကို ဟလာလ်အဖြစ် ပြဋ္ဌာန်းတော်မူထားပေသည်။ ထို့နောက် ယင်းဥစ္စာပစ္စည်းများကို ထိန်းသိမ်းရန်အတွက် ခိုးဝှက်ခြင်း၊ လှည့်ဖြားခြင်း၊ အခြားသူ၏ ဥစ္စာပစ္စည်းများကို မတရား စားသုံးခြင်း၊ အခြားသူ၏ ပစ္စည်းကိုဖျက်စီးခြင်း စသည့်တို့ကို ဟရာမ်အဖြစ် ပြဋ္ဌာန်းထားပေသည်။ ထို့ပြင် ခိုးဝှက်သူကို ပြစ်ဒဏ်ချမှတ်ခြင်း၊ သူတစ်ပါးပစ္စည်းကို ဖျက်စီးခြင်း အပေါ် လျော်ကြေးသတ်မှတ်ခြင်း၊ အတိုးကို ဟရာမ်အဖြစ်သတ်မှတ်ခြင်း စသည့်တို့ကိုလည်း ပြဋ္ဌာန်းထားပေသည်။ အချို့သော အခြေအနေများ၌ ယင်း﴿اَلضَّرُوْرِيُّ﴾ ကို ထိန်းသိမ်းရန် တားမြစ်ထားသည့်အရာများကိုပင် ခွင့်ပြုထားသည်လည်း ရှိပေသည်။

ဤရှုထောင့်အရ အစ္စလာမ်သာသနာတော်သည် ခဝပ်ကိုးကွယ်ခြင်းကဏ္ဍ၊ အပေးအယူကဏ္ဍနှင့် ပြစ်ဒဏ်သတ်မှတ်ခြင်းကဏ္ဍများတွင်

ယင်း﴿اَلضَّرُوْرِيُّ﴾ကို အဓိကထိန်းသိမ်းရန် အမိန့်များ ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။

❸ ဘဝ၏ အရေးကြီး လိုအပ်ချက်များကို ထိန်းသိမ်းခြင်း။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ﴿اَلْحَاجِيُّ﴾ဆိုသည်မှာ လူသားတို့အတွက် ရေးကြီးလိုအပ်ချက်များကို ခေါ်ဆိုပေသည်။ ဤသည် လူသားတို့၏ ဘဝရှင်သန်ရာတွင် လွယ်ကူစေရေးနှင့် အခက်အခဲများကို ဖယ်ရှားပေးခြင်းများနှင့် သက်ဆိုင်ပေသည်။ ထို့ကြောင့် ရှရီအသ်တရားတော်သည် ခပ်ကိုးကွယ်ခြင်းကဏ္ဍ၊ အပေးအယူကဏ္ဍနှင့် အပြစ်ဒဏ်ချမှတ်ခြင်းကဏ္ဍများတွင် လူသားတို့ အခက်အခဲမဖြစ်စေရန် များစွာသော ဖြေလျော့မိန့်များ ပြဋ္ဌာန်းထားပေသည်။

➢ ခပ်ကိုးကွယ်မှုကဏ္ဍတွင် ﴿اَلْعَزِيْمَةُ﴾ မူရင်းအမိန့်အား လိုက်နာဆောင်ရွက်ရန် အခက်အခဲရှိပါက ﴿اَلرُّخْصَةُ﴾ဖြေလျော့ မိန့်များကို လူသားတို့ လွယ်ကူစွာ လိုက်နာနိုင်ရန်အတွက် ရှရီအသ်တရားတော်က ပြဋ္ဌာန်းတော်မူထားပေသည်။ ဥပမာအနေဖြင့် တင်ပြရမည်ဆိုလျှင် “နာမကျန်းဖြစ်သူနှင့် ခရီးသည်အတွက် ရမသွာန်လတွင် ရိဇာမထားဘဲ နေခွင့် ပြုထားခြင်း၊ မတ်တတ်ရပ်၍ နမားဇ်ဝတ်မပြုနိုင်သူအတွက် ထိုင်ကာ ဆောက်တည်ခွင့် ပြုထားခြင်း၊ ရေမရှိသူအတွက် သယမ်မွမ်လုပ်ခွင့် ပြုထားခြင်း” အစရှိသည်တို့ ဖြစ်သည်။

➢ အပေးရယူကဏ္ဍတွင် လူတို့၏ အရေးကြီးလိုအပ်ချက်များကြောင့် များစွာသော အရောင်းအဝယ်များကို ခွင့်ပြုထားပေသည်။ ဥပမာ "အသီးပေါ်ပေးဆိုသည့်ပုံစံမျိုးဖြင့် အရောင်းအဝယ်များကို သတ်မှတ်စည်းကမ်းချက်များနှင့်အတူ ခွင့်ပြုထားခြင်း﴿بيع السلم﴾"

➢ ပြစ်ဒဏ်ချမှတ်ခြင်းကဏ္ဍ၌ "သံသယဖြင့် ပြစ်မှုမမြောက်ခြင်း" အစရှိသည့် လူတို့လွယ်ကူစေရန် အမိန့်ဥပဒေများကို ချမှတ်ပြဋ္ဌာန်းတော်မူထားပေသည်။

အချုပ်ဆိုရသော် အလ္လာဟ်အရှင်မြတ်သည် လူသားတို့ ဘဝရှင်သန်ရေးလွယ်ကူစေရန်အတွက် များစွာသော အခက်အခဲများကို ဖယ်ပေးထားသည်။ ထို့နောက် မိမိကျမ်းတော်မြတ်တွင်လည်း ဤသို့ မိန့်ဆိုထားတော်မူပေသည်။ "အလ္လာဟ်အရှင်မြတ်သည် အသင်တို့အပေါ်၌ ကျဉ်းကြပ်မှုကိုပြုလုပ်ရန် ရည်ရွယ်တော်မူသည်မဟုတ်။" ﴿၅-၆﴾

❹ ဘဝ၏ အလှတရားများကို ထိန်းသိမ်းခြင်း။

﴿اَلتَّحْسِيْنِيُّ﴾ ဆိုသည်မှာ လူသားတို့၏ ရှင်သန်ခြင်းကို အကောင်းမွန်ဆုံးပုံစံ ဖြစ်စေသည့် အရာများကို ခေါ်ဆိုသည်။ ဤသည်ကိုယ်ကျင့်တရားများ၊ ဘဝ၏အလှတရားများနှင့် သက်ဆိုင်သည်။ အစ္စလာမ်သာသနာတော်သည် ခဝပ်ကိုးကွယ်ခြင်းကဏ္ဍ၊ အပေးအယူကဏ္ဍ၊ ပြစ်ဒဏ်ချမှတ်ခြင်းကဏ္ဍများတွင် လူသားတို့၏ ဘဝအလှတရားများနှင့်သက်ဆိုင်သည့် အမိန့်ပညတ်များကို များစွာပြဋ္ဌာန်းတော်မူထားပေသည်။

➢ ခဝပ်ကိုးကွယ်ခြင်းကဏ္ဍ၌ ခန္ဓာကိုယ်၊ အဝတ်အစား၊ နေရာ အစရှိသည်တို့ကို သန့်စင်အောင်ထားခြင်းဆိုင်ရာ အမိန့်ပညတ်များနှင့် အရှက်ဖုံးအုပ်ခြင်း၊ အညစ်အကြေးများမှရှောင်ရှားခြင်းဆိုင်ရာ အမိန့်များကို ရှရီအသ်တရားတော်က ပြဋ္ဌာန်းထားသည်။ ထို့နောက် ဗလီဝတ်ကျောင်းတော်သို့ သွားရောက်သောအခါ အလှဆင်မြန်းခြင်းနှင့် နဖိလ်ဆွဒကာဟ်၊ ရိဇာ၊ နမားဇ်ကို ဝတ်ပြုလုပ်ဆောင်ရန်လည်း လမ်းညွှန်ထားပေသည်။ ထို့ပြင် အေဗာဒသ်တိုင်းတွင် ပြဋ္ဌာန်းထားသည့် ကျင့်ဝတ်များသည် လူတို့၏ ဘဝကို လှပတင့်တယ်ဆုံးပုံစံဖြစ်ရန် လုပ်ဆောင်ပေးသည့် အချက်များပင် ဖြစ်သည်။

➢ အပေးအယူကဏ္ဍတွင် လှည့်ဖျားခြင်း၊ ပြစ်ချက်များ ဖုံးကွယ်ရောင်းချခြင်း၊ ဖြုန်းတီးခြင်း၊ စေးနှဲတွန့်တိုခြင်းများကို ဟရာမ်﴿မပြုပိုင်သော﴾ အရာများအဖြစ် သတ်မှတ်ထားသည်။ ထို့နောက် ဆိုးကျိုးဖြစ်စေမည့် အရာများနှင့် အညစ်အကြေးများကို ရောင်းဝယ်ခြင်းအား ဟရာမ်﴿မပြုပိုင်﴾အဖြစ် ပြဋ္ဌာန်းထားပေသည်။ ထို့ပြင် မိမိနောင်တော်ဝယ်ယူနေသည့် ပစ္စည်းကို ကြားဖြတ်ဝယ်ယူခြင်းအား တားမြစ်ထားပေသည်။ ဤသည် လူသားတို့၏ ဘဝရှင်သန်ခြင်းပုံစံကို အကောင်းမွန်ဆုံးအဆင့်ထိမြှင့်တင်ပေးသော အချက်များပင် ဖြစ်သည်။

➢ အပြစ်ဒဏ်ချမှတ်ခြင်းကဏ္ဍ၌ စစ်ပွဲတွင် ပုပ်ရဟန်းများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများကို သတ်ဖြတ်ခြင်းအား ဟရာမ်အဖြစ်သတ်မှတ်ထားသကဲ့သို့ လှည့်ဖြားခြင်း၊ သေသူကို ရုပ်ပျက်ဆင်းပျက်ပြုခြင်း၊ သက်ရှိဖြစ်စေ သက်မဲ့ဖြစ်စေ မီးရှို့ခြင်း အစရှိသည်တို့ကိုလည်း ဟရာမ်အဖြစ်သတ်မှတ်ထားပေသည်။

သို့ဖြစ်ပေရာ ရှရီအသ်တရားတော်သည် ဖော်ပြပါ ﴿اَلضَّرُوْرِيُّ، اَلْحَاجِيُّ، اَلتَّحْسِيْنِيُّ﴾များကို ထိန်းသိမ်းသည့်အခါတွင် ယင်းအချက်များကို အကောင်းမွန်ဆုံးပုံစံဖြင့် ဆောက်တည်နိုင်ရန် အခြားအခြားသော ဥပဒေသများလည်း ပြဋ္ဌာန်းတော်မူထားပေသည်။

﴿اَلضَّرُوْرِيُّ﴾ ကဏ္ဍတွင် သာသနာကို ထိန်းသိမ်းရန်အတွက် နမာဇ်ကို ပြဋ္ဌာန်းထားသည်ဖြစ်ရာ ယင်းနမာဇ်အား အကောင်းဆုံးပုံစံဖြင့် ဆောက်တည်နိုင်ရန် အဇာန်ဆိုခြင်း၊ ဂျမာအသ်ဖြင့် ဝတ်ပြုခြင်း စသည့် အချက်များကို သတ်မှတ်ထားပေသည်။

အသက်ဇီဝိန်ကို ထိန်းသိမ်းရန် သွေးကြွေးပြစ်ဒဏ်ကို ချမှတ်ထားခြင်းဖြစ်ရာ ယင်းအမိန့်အား အကောင်းဆုံးပုံစံဖြင့် ဆောက်တည်နိုင်ရန် သေသူနှင့် အပြစ်သားကြား၌ တူဆင်မှု စည်းကမ်းချက်ကို ချမှတ်ထားပေသည်။

ကာအိန္ဒြေ၊ မျိုးဆက်ကို ထိန်းသိမ်းရန် ကာမေသုမိစ္ဆာစာရကံကျူးလွန်ခြင်းကို တားမြစ်ထားခြင်းဖြစ်ရာ ယင်းအမိန့်ကို အကောင်းဆုံးပုံစံဖြင့် အကောင်အထည်ဖော်နိုင်ရေးအတွက် သူစိမ်းအမျိုးသမီးနှင့် အမျိုးသားများ နှစ်ကိုယ်ကြားတွေ့ဆုံခြင်းကို ဟရာမ်အဖြစ် သတ်မှတ်ထားတော်မူ ပေသည်။

ဦးနှောက်ကို ထိန်းသိမ်းရန် အရက်ကို ဟရာမ်အဖြစ်သတ်မှတ်ထားရာ ယင်းအမိန့်အား ပြီးပြည့်စုံရန်အတွက် မမူးစေသည့် အတိုင်းအတာ သောက်ခြင်းကိုလည်း ဟရာမ်အဖြစ် သတ်မှတ်ထားပေသည်။ ထို့နောက် လူသားမျိုးနွယ်ကျန်ရှိရေးအတွက် နေကာဟ်အမိန့်ကို သတ်မှတ်ထားသည်ဖြစ်ရာ ယင်းအမိန့်ကို အကောင်းဆုံးပုံစံဖြင့် တည်

ဆောက်နိုင်ရန် ဇနီးမောင်နှံနှစ်ဦးကြား အချို့သော အချက်များတွင် တူညီမှုရမည်ဆိုသည့်အချက်ကို ပြဋ္ဌာန်းထားပေသည်။

﴿اَلْحَاجِيُّ﴾ အခန်း၏ အပေးအယူကဏ္ဍတွင် ရောင်းဝယ်ခြင်း၊ ငှားရမ်းခြင်း၊ ရှယ်ယာပြုခြင်း စသည့်အမိန့်များကို ပြဋ္ဌာန်းထားသည်ဖြစ်ရာ ယင်းပညတ်များ ပြီးပြည့်စုံစေရန်အတွက် ရှရီအသ်တရားတော်မှ လှည့်ဖြားခြင်း၊ ပစ္စည်းမသိရှိဘဲ ရောင်းဝယ်ခြင်းနှင့် အခြားအခြားသော စည်းကမ်းများကိုလည်း သတ်မှတ်ထားပေသည်။

﴿اَلتَّحْسِيْنِيُّ﴾ ကဏ္ဍ၌ နဖိလ်ဆွဒကာဟ်ကို ပေးဆောင်ရန် တိုက်တွန်းထားသည်ဖြစ်ရာ ယင်းအမိန့်ပြီးပြည့်စုံစေရန်အတွက် ရှရီအသ်တရားတော်မှ “စိတ်ကြည်ဖြူစွာပေးဆောင်ခြင်း”ကိုလည်း စည်းကမ်းချက်အဖြစ် သတ်မှတ်ထားပေသည်။

အချုပ်ဆိုရသော် ရှရီအသ်တရားတော်ရှိ အမိန့်ပညတ်ချက်ဟူသရွေ့သည် ယင်းမဏ္ဍိုင်ကြီး﴿၃﴾ခုကို ထိန်းသိမ်းရန်အတွက်လည်းကောင်း၊ ထိုသို့ ထိန်းသိမ်းမှုကို ပြီးပြည့်စုံစေရန်အတွက်လည်းကောင်း ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။

ပြဋ္ဌာန်းခြင်းဆိုင်ရာ ရည်ရွယ်ချက်များကို အခြေခံ၍ အမိန့်ပညတ်တော်များ၏ အစီအစဉ်

အထက်တွင်ဖော်ပြခဲ့သည့်တိုင်း ﴿اَلضَّرُوْرِيُّ﴾သည် အဓိက အ ရေးကြီးဆုံး ဖြစ်ပေသည်။ ၎င်း၏နောက်တွင် ﴿اَلْحَاجِيُّ﴾နှင့် ﴿اَلتَّحْسِيْنِيُّ﴾တို့က အစဉ်လိုက် တွဲ၍လာရှိသည်။ ထို့ကြောင့် ယင်း ကဏ္ဍာတစ်ခုတိုင်းနှင့်ပတ်သက်သည့် အမိန့်ပညတ်များသည်လည်း ထို ကဏ္ဍများကဲ့သို့ပင် အရေးပါမှုဌ် အစဉ်လိုက်ဖြစ်သည်။ သို့ဖြစ်ပေရာ ﴿اَلتَّحْسِيْنِيُّ﴾ဆိုင်ရာအမိန့်ကို လိုက်နာမှုတွင် ﴿اَلضَّرُوْرِيُّ﴾ဆိုင်ရာ အမိန့်အား ထိခိုက်ပျက်ပြားစေပါက ယင်းအမိန့်ကို ဆောင်ရွက်ရန် မလို ပေ။ ထို့ကြောင့် အရှက်ကို ဖော်၍ ကုသမှုခံယူရန်အရေးကြီးပါက ယင်း အရှက်ဖုံးအုပ်ခြင်းအမိန့်ကို ဆောင်ရွက်ရန် အရေးမကြီးပေ။ အဘယ့် ကြောင့်ဆိုသော် အရှက်ဖုံးအုပ်ခြင်းသည် ﴿اَلتَّحْسِيْنِيُّ﴾အမိန့်ဖြစ်၍ ကု သမှုခံယူခြင်းသည် ﴿اَلضَّرُوْرِيُّ﴾အမိန့်ဖြစ်သည့်အတွက်ကြောင့် ဖြစ် သည်။ ဤကဲ့သို့ပင် ﴿اَلْحَاجِيُّ﴾ ဆိုင်ရာအမိန့်ကို လိုက်နာမှုတွင် ﴿اَلضَّرُوْرِيُّ﴾ဆိုင်ရာ အမိန့်အား ထိခိုက်ပျက်ပြားစေပါက ယင်းအမိန့် ကို ဆောင်ရွက်ရန် မလိုပေ။ ထို့ကြောင့် ဖရဇ်၊ ဝါဂျိဗ်တာဝန်များကိုသတ် မှတ်ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ ယင်းအမိန့်များတွင် အခက်အခဲများ

ရှိပါကလည်း ရှရီအသ်တရားတော်က ဖြေလျော့မှုများ မပြုထားပေ။ အဘယ့်ကြောင့်ဆိုသော် လူသားတို့၏ အခက်အခဲဟူသမျှကို ဖြေလျော့ခွင့် ပြုပါက များစွာသော ﴿اَلضَّرُوْرِيُّ﴾ ဆိုင်ရာအမိန့်အား မျက်ကွယ်ပြုရာ ရောက်သွားပေမည်။ ထို့ပြင် တာဝန်ဟူသည်လည်း အခက်အခဲဖြင့် မ ကင်းနိုင်ပေ။ ထို့ကြောင့် ﴿اَلضَّرُوْرِيُّ﴾ ဆိုင်ရာ အမိန့်အားများကို လိုက် နာရာတွင် ယင်းအခက်အခဲများကို ခါးစည်းခံမှသာ လူသားတို့ ရှင်သန် နေထိုင်ကြနိုင်မည် ဖြစ်သည်။

ထို့နောက် ﴿اَلضَّرُوْرِيُّ﴾ဆိုင်ရာ အမိန့်များကို ထိန်းသိမ်းလိုက် နာရန် မဖြစ်မနေ အရေးကြီးပေသည်။ ﴿اَلضَّرُوْرِيُّ﴾ဆိုင်ရာ အမိန့် တစ် ခုခုကို ယင်းထက်အရေးကြီးသည့် ﴿اَلضَّرُوْرِيُّ﴾အမိန့်ကြောင့်သာ မ လိုက်နာဘဲ နေခွင့်ရှိသည်။ ဆိုလိုသည်မှာ အသက်ကိုစတေးမှုပြုရသော် ငြားလည်း ဂျေဟာဒ်အမိန့်ကို လိုက်နာဆောင်ရွက်ရန် အရေးကြီးပေ သည်။ အဘယ့်ကြောင့်ဆိုသော် သာသနာကို ထိန်းသိမ်းခြင်းသည် အ သက်ဇီဝိန်ကို ထိန်းသိမ်းခြင်းထက်သာပို၍ အရေးကြီးသော ကြောင့်ဖြစ် သည်။ ဤအတိုင်းပင် အလွန်ရေဆာလောင်မွတ်သိပ်နေသူသည် ၎င်းအ တွက် အရက်အပြင် အခြားအရည်တစ်ခုခု မရှိပါက ယင်းအရက်ကို သောက်သုံးခွင့်ရှိသည်။ အဘယ့်ကြောင့်ဆိုသော် အသက်ကို ထိန်းသိမ်း

ခြင်းသည် ဦးနှောက်ကို ထိန်းသိမ်းခြင်းထက် သာပိုအရေးကြီးသောကြောင့် ဖြစ်သည်။

ထို့ကြောင့် ရှရီအသ်တရားတော်၏ အမိန့်ပညတ်များသည် ဖော်ပြပါ အချက်ကြီး(၃)ချက်ကို ထိန်းသိမ်းရန်နှင့် ယင်းကဲ့သို့ ထိန်းသိမ်းခြင်းကို ပြီးပြည့်စုံစေရန် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ထို့နောက် ယင်းအချက်ကြီး(၃)ချက်တွင်လည်း ၎င်းတို့အချင်းချင်းကြား အရေးကြီးပုံမှာ ဖော်ပြပါအတိုင်းပင် ဖြစ်သည်။ သို့ဖြစ်ပေရာ ယင်းရည်ရွယ်ချက်များကို အခြေခံ၍ လူတို့၏ အခက်အခဲများကို ဖယ်ရှားပေးရန် ရှရီအသ်တရားတော်မှ အောက်ပါ အခြေခံဥပဒေများကို ချမှတ်ပြဋ္ဌာန်းတော်မူထားပေသည်။

❶ “ဒုက္ခ(အခက်အခဲ)ဟူသည် ရှရီအသ်တရားတော်အရ ဖယ်ရှားပစ်ရမည့် အရာဖြစ်သည်။”

ထို့ကြောင့် ရှရီအသ်တရားတော်က “ရောဂါများမှ ကုသမှုခံယူခြင်း၊ ဒုက္ခဖြစ်စေသည့် တိရစ္ဆာန်များကိုသတ်ခြင်း” အစရှိသည့် ပညတ်များကို ပြဋ္ဌာန်းထားပေသည်။

❷ ““အဆိုး”ကို “အခြားအဆိုး”အရာတစ်ခုဖြင့် ဖယ်ရှားခွင့်မရှိ။”

ထို့ကြောင့် မိမိ၏ လယ်ကွက်တွင် ရေကြီးရေလျှံမှု ဖြစ်နေသူသည် အခြားသူ၏ လယ်ကွက်ဘက်သို့ ထိုရေများကို ဖောက်ချခွင့်မရှိပေ။ ထို့နောက် အခြားသူ၏ ဥစ္စာပစ္စည်းကို ဖျက်စီး၍ မိမိဥစ္စာပစ္စည်းကို ထိန်းသိမ်းခွင့်မရှိပေ။

❸ "လူအများစုကို ဆိုးကျိုးဖြစ်စေမည့်အရာအား ဖယ်ရှားရာ၌ လူနည်းစု၏ အခက်အခဲကို စတေးရမည်။"

ထို့ကြောင့် လူအများက မိမိတို့၏ ဥစ္စာပစ္စည်းများအပေါ် ပူပန်သောက မဖြစ်ရေးအတွက် ခိုးဝှက်သူ၏ လက်ကို ဖြတ်ရန် အမိန့်ပြဋ္ဌာန်းထားပေသည်။ ထို့နောက် အများအသုံးပြုသည့် လမ်းဘက်သို့ ယိမ်းယိုင်နေသည့် ပျိုကျအုံ့ဆဲဆဲ တံတိုင်းကို ဖျိုချပစ်ရန် အမိန့်ချမှတ်ထားပေသည်။

❹ "မဖြစ်မနေ အရေးကြီးအခြေအနေ၌ သာပိုကြီးမားသည့် အပြစ်ကို ရှောင်ကျဉ်နိုင်ရန်အတွက် ၎င်းထက်ပေါ့ပါးသည့် အပြစ်ကို ကျူးလွန်ခွင့်ပြုထားခြင်း။"

ထို့ကြောင့် ရောဂါသည်တစ်ဦးသည် မဖြစ်မနေ ဟရာမ်အရာဖြင့် ကုသမှုခံရမည်ဆိုပါက ယင်းဟရာမ်အရာဖြင့် ကုသခွင့် ရှိသည်။ ထို့နောက် ကဗ်လာဟ်ဘက်သို့ မျက်နှာမူခြင်း၊ အရှက်ဖုံးခြင်း၊ သန့်ရှင်းမှုရယူခြင်း

စသည်တို့ကို မတက်စွမ်းနိုင်သည့် ရောဂါသည်က မိမိစွမ်းနိုင်သည့် ပုံစံဖြင့် နမားဇ်ဝတ်ပြုခွင့်ရှိသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းအချက်များကို စွန့်လွှတ်ခြင်းသည် နမားဇ်ကို စွန့်လွှတ်ခြင်းထက် သာပိုပေါ့လျော့သော အရာပင်ဖြစ်သည်။

❺ **"**"အကျိုး"ကို ဆောင်ခြင်းထက် "အဆိုး"ကို ရှောင်ခြင်းအား သာပို၍ ဦးစားပေးရမည်။**"**

ထို့ကြောင့် မြေပိုင်ရှင်တစ်ဦးသည် မိမိပိုင်ဆိုင်မှုအတွင်း၌လည်း အခြားသူကို ဒုက္ခဖြစ်စေသည့် အရာများကို လုပ်ဆောင်ခွင့်မရှိပေ။

❻ **"**မဖြစ်မနေအရေးကြီးလိုအပ်ချက်များကြောင့် တားမြစ်ချက်များကို လုပ်ဆောင်ခွင့်ရှိသည်။**"**

ထို့ကြောင့် မလွဲမရှောင်နိုင်သော အကျပ်အတည်းနှင့် တွေ့ကြုံနေသော သူတစ်ဦးသည် အသေသား၊ သွေး၊ အခြားသော ဟရာမ်အရာတစ်ခုခုဖြစ်စေ စားသုံးခွင့် ရှိသည်။ ထို့နောက် မိမိကိုယ်ကို ခုခံကာကွယ် ခြင်း၌ အခြားသူကို ဒုက္ခဖြစ်စေပါကလည်း ယင်းခုခံကာကွယ်မှုသည် ပြုပိုင်ပေသည်။

❼ “မဖြစ်မနေ အရေးကြီးလိုအပ်ချက်ကြောင့် ခွင့်ပြုထားသည့်အရာများသည် လိုအပ်သည်မျှသာ လုပ်ဆောင်ခွင့်ရှိသည်။”

ထို့ကြောင့် မလွဲမရှောင်နိုင်သော အကျပ်အတည်းနှင့် တွေ့ကြုံနေသော သူတစ်ဦးသည် အသေသား၊ သွေး၊ အခြားသော ဟရာမ်အရာတစ်ခုခု ကို စားသုံးသည့်အခါ အသက်မသေရုံတစ်မည်သာ စားသုံးခွင့် ရှိသည်။

အခန်း(၆) ရှရီအသ်ပြဋ္ဌာန်းခြင်းဆိုင်ရာ ရည်ရွယ်ချက်များ ကဏ္ဍ၏ နာမည်ကျော် ကျမ်းဂန်ကြီးများ။

➲ ရှရီအသ်ပြဋ္ဌာန်းခြင်းဆိုင်ရာ အထွေထွေရည်ရွယ်ချက်များကဏ္ဍ၏ နာမည်ကျော်ကျမ်းဂန်ကြီးများ။

❁ قَوَاعِدُ الْأَحْكَامِ فِيْ مَصَالِحِ الْأَنَامِ ﴿عِزُّ الدِّيْنِ بْنُ عَبْدِ السَّلَامِ﴾

❁ اَلْمُوَافَقَاتُ ﴿أَبُوْ إِسْحَاقَ الشَّاطِبِيُّ﴾

❁ مَقَاصِدُ الشَّرِيْعَةِ الْإِسْلَامِيَّةِ ﴿مُحَمَّدٌ الطَّاهِرُ بْنُ عَاشُوْرٍ﴾

❁ مَقَاصِدُ الشَّرِيْعَةِ الْإِسْلَامِيَّةِ، وَمَكَارِمُهَا ﴿اَلْعَلَّالُ الْفَاسِيُّ﴾

❁ ضَوَابِطُ الْمَصْلَحَةِ فِيْ الشَّرِيْعَةِ الْإِسْلَامِيَّةِ ﴿مُحَمَّدٌ سَعِيْدٌ رَمَضَانُ الْبُوْطِيُّ﴾

❁ نَظَرِيَّةُ الْمَقَاصِدِ عِنْدَ الْإِمَامِ الشَّاطِبِيِّ ﴿أَحْمَدُ الرَّيْسُوْنِيُّ﴾

❁ اَلْمَقَاصِدُ الْعَامَّةُ لِلشَّرِيْعَةِ الْإِسْلَامِيَّةِ ﴿يُوْسُفُ حَامِدٌ الْعَالِمُ﴾

➲ ကဏ္ဍအလိုက် အမိန့်ပညတ်တော်များပြဋ္ဌာန်းခြင်းဆိုင်ရာ ရည်ရွယ်ချက်များနှင့်ပတ်သက်သည့် နာမည်ကျော်ကျမ်းဂန်ကြီးများ။

❁ عِلَلُ الشَّرَائِعِ ﴿اَلشَّيْخُ الصَّدُوْقُ مُحَمَّدُ بْنُ عَلِيٍّ الْقُمِّيُ﴾

❁ مَحَاسِنُ الْإِسْلَامِ ﴿أَبُوْ عَبْدِ اللهِ مُحَمَّدُ بْنُ عَبْدِ الرَّحْمَنِ الْبُخَارِيُّ﴾

❁ إِعْلَامُ الْمُوَقِّعِيْنَ عَنْ رَبِّ الْعَالَمِيْنَ ﴿اِبْنُ قَيِّمِ الْجَوْزِيَّةُ﴾

❁ حُجَّةُ اللهِ الْبَالِغَةُ ﴿شَاهْ وَلِيُّ اللهِ الدِّهْلَوِيُّ﴾

❁ تَعْلِيْلُ الْأَحْكَامِ فِيْ الشَّرِيْعَةِ الْإِسْلَامِيَّةِ ﴿مُحَمَّدٌ مُصْطَفَى شِبْلِيْ﴾

မိုဘြမ်းကိုးကားကျမ်းများ			
စဉ်	ကျမ်းအမည်	ကျမ်းရှင်အမည်	ပုံနှိပ်တိုက်
၁	مدخل إلى مقاصد الشريعة	أ.د/ أحمد الريسوني	دار الكلمة
၂	علم أصول الفقه	الشيخ عبد الوهاب خلاف	دار الفكر العربي
၃	المبادئ العشرة لعلم مقاصد الشريعة	أ.م.د. مثنى عارف داود الجراح	مجلة الباحث للعلوم الإسلامية